# ANGLICAN TRAINING
# & RESOURCE CENTER

ဓမ္မပညာလေ့ကျင့်သင်ကြားခြင်းနှင့်
အစေခံခေါင်းဆောင် ပြုစုပျိုးထောင်ရေးအတွက် ပါဝင်လှူဒါန်းကြပါစို့

၁။ ရည်ရွယ်ချက်

ဓမ္မတက္ကသိုလ်အတွက် ခေတ်နှင့်အညီဖြစ်သော စာသင်ခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်းမ၊ ဘက်စုံသုံးခန်းမကျယ်၊ စာကြည့်တိုက်တို့ ဖော်ဆောင်ရန်။

၂။ စတင်ချိန်နှင့် ပြီးဆုံးချိန်

(က) စီမံကိန်းကာလ – (၂)နှစ်စီမံကိန်း (၂၀၁၉–၂၀၂၁)

၃။ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ် – သိန်း ၈၈၅ယ၀၀၀ယ၀၀၀ ကျပ်

၄။ ပေးလှူနိုင်သည့်နည်းလမ်းများ

(က) လစဉ်အလှူငွေစာအိတ် – ''နှမ်းစေ့များဖြင့် ဆီဖြစ်စေမည်''

– တစ်ယောက်စီတိုင်းပါဝင်ပေးလှူသည့် အားလုံးနှင့်သက်ဆိုင်သော အဆောက်အဦဖြစ်၍ တစ်ယောက်စီတိုင်း၏ပါဝင်ပေးလှူမှုကို ကြီးမားစွာမျှော်လင့်ပါသည်။

– တစ်ဦးလျှင် လစဉ် ၂၀၀၀ ကျပ်ပေးလှူပါက တစ်နှစ်အတွက် ၂၄၀၀၀ ကျပ် (၂–နှစ်ကောက်ခံမည်ဖြစ်ပါသည်)(၂၀၁၉၊ စက်တင်ဘာလ မှ ၂၀၂၁ စက်တင်ဘာလအထိ)

(ခ) ရန်ပုံငွေမဲ

(ဂ) ကျောင်းဈေးရောင်းပွဲ (၂၀၂၀၊ ဖေဖော်ဝါရီလတွင် ပြုလုပ်ပါမည်)

(ဃ) သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ပွဲနေ့အလှူငွေ

ဖေဖော်ဝါရီလ ၁၂ တွင် ကျရောက်မည့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ပွဲနေ့ကိုဘုန်းကြီးပိုင်နယ်တိုင်းကျင်းပပြီး ထိုတနင်္ဂနွေပွဲတော်ဝတ်အလှူငွေကိုဓမ္မတက္ကသိုလ်သို့ ပေးပို့စေလိုပါသည်။

(င) အခန်းလိုက် လှူဒါန်းခြင်း

ဘိုးဘွားမိဘများအား ရည်စူး၍ အခန်းလိုက် လှူဒါန်းနိုင်ပြီး ထိုအခန်းအား အလှူရှင်ပေးလိုသော အမည်ကို ကမ္ပည်းထိုးပေးမည်ဖြစ်ပါသည်။

၅။ အခန်းအမျိုးအစားနှင့် ကုန်ကျစရိတ်

| စဉ် | အခန်းအကျယ်အဝန်း | ကုန်ကျစရိတ် | အခန်းပုံစံ | အရေအတွက် |
|---|---|---|---|---|
| (၁) | ၁၂x၁၈ | ၈,၆၄၀,၀၀၀ | ရုံးခန်း | (၄ ခန်းရှိသည်) |
| (၂) | ၁၅x၁၅ | ၉,၀၀၀,၀၀၀ | ရုံးခန်း | (၄ ခန်းရှိသည်) |
| (၃) | ၁၇x၁၈ | ၁၂,၂၄၀,၀၀၀ | စာသင်ခန်းမ | (၄ ခန်းရှိသည်) |
| (၄) | ၁၈x၁၈ | ၁၂,၉၆၀,၀၀၀ | စာသင်ခန်းမ | (၃ ခန်းရှိသည်) |
| (၅) | ၁၈x၃၀ | ၂၁,၆၀၀,၀၀၀ | စည်းဝေးခန်းမ | (၁ ခန်းရှိသည်) |
| (၆) | ၁၈x၃၄ | ၂၄,၄၈၀,၀၀၀ | စည်းဝေးခန်းမ | (၁ ခန်းရှိသည်) |
| (၇) | ၁၈x၅၁ | ၃၆,၇၂၀,၀၀၀ | စည်းဝေးခန်းမကျယ် | (၁ ခန်းရှိသည်) |
| (၈) | ၃၈.၈x၈၈ | ၁၁၁,၉၃၆,၀၀၀ | ဘက်စုံသုံးခန်းမကျယ် | (၁ ခန်းရှိသည်) |
| (၉) | ၄၃x၈၁ | ၁၃၉,၃၂၀,၀၀၀ | စာကြည့်တိုက် | (၁ ခန်းရှိသည်) |

၆။ ဆက်သွယ်ရန် ။ ။ ကျောင်းအုပ် (၀၉–၄၅၀၀၄၂၃၀၉)

မှတ်ချက် – အလှူရှင်များ၏ အမည်စာရင်းကို ရှာလုမ်မဂ္ဂဇင်းတွင် ဖော်ပြမည့်အပြင်၊ အလှူရှင် စာရင်းပေါင်းချုပ်ကို အဆောက်အဦဖွင့်ပွဲတွင် အဆောက်အဦတည်ဆောက်ခြင်း သမိုင်းစာအုပ်၌ အသေးစိပ်ထည့်သွင်းဖော်ပြသွားပါမည်။

SHALOM MAGAZINE ( 2019-2020)

# ရှာလုမ်

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# SHALOM Magazine 2019-2020




အသင်းတော်အတွင်း ကန့်သတ်




# ဥယျာဇဉ်

အသက်ရှင်တော်မူသော ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ၏ ကောင်းကြီးမင်္ဂလာတစ်ခုဖြစ်သည့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် 'နာခံခြင်း၊ စင်ကြယ်ခြင်း၊ ငြိမ်းချမ်းခြင်း' တည်းဟူသည့် ဆောင်ပုဒ်အပေါ် အခြေပြု၍ နှလုံးသားနှင့် စိတ်ဓါတ်တွေးခေါ်မျှော်မြင်ပုံတို့ကို ပြောင်းလဲပြုပြင်စေသည့် သီဩလော်ဂျီပညာရေးဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ် သာသနာ့ခေါင်းဆောင်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

ယခုတစ်ဖန် ကျောင်းတော်ကြီး၏ နှစ်စဉ်ထုတ်ဝေလျက်ရှိသည့် 'ရှာလုမ်' မဂ္ဂဇင်းကို ကောင်းမွန်စွာ ထုတ်ဝေနိုင်ခြင်းအတွက် ကျေးဇူးတော်ကို ထပ်မံချီးမွမ်းပါသည်။ ဤမဂ္ဂဇင်းကို စတင်မွေးထုတ်ပေးခဲ့သည့် နောင်တော်ကြီးများ၏အားထုတ်လုပ်ဆောင်ခဲ့ခြင်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ဤမဂ္ဂဇင်းသည် ကျောင်းတော်ကြီး၏ ပုံရိပ်တစ်ခုအနေဖြင့်သာမက ဘဲ ဘုရားသခင့် ဘုန်းတော် အတွက်လည်း သက်သေအဖြစ် အစေခံနိုင်မည်ဟု မျှော်လင့်ပါသည်။

ကောင်းကြီးမင်္ဂလာခံစားရသူများ(Blessed) ဖြစ်ရုံမျှမကဘဲ အခြားသူများအား ကောင်းကြီးမင်္ဂလာ ခံစားရရှိစေသူများ(Blessing) ဖြစ်ပါစေကြောင်း ဆုမွန်တောင်းလျက်.....

အမှုတော်မြတ်၌
ဘုန်းတော်ကြီး ဒေါက်တာပေါလ်မြင့်ထက်ထင်ရ
ကျောင်းအုပ်ကြီး

# အချိန်ပြည့် သင်ကြားသည့်ဆရာ၊ ဆရာမများ



Revd.Dr.ပေါလ်မြင့်ထက်ထင်ရ
ကျောင်းအုပ်ကြီး



Revd.ရစ်ချက်ဝေမူး
ကျောင်းသားရေးရာတာဝန်ခံ



Revd.ဆလိုင်းဒါဝိတ်
ကွင်းဆင်းပညာရေးတာဝန်ခံ



Revd.မိုးဇက်ကစိုထော
ဝိညာဉ်ရေးရာတာဝန်ခံ



Revd.Dr. အင်ဒရူးမန်းဇော်လွင်



Dr. နော်မြတ်ဆုမွန်



Teacher ဆဂခေါ်န်တောင်



Revd.အိုက်ဇနောကာ



Revd.စောခလေးစော



Teacher ပိုပိုမြင့်မောင်

## အချိန်ပိုင်း ဆရာ၊ ဆရာမများ


Bp. Dr. ရှမွေလစံမြတ်ရွှေ


Revd. Winston
အောင်မျိုးထွန်း


Revd. အယ်လင်
ကျော်မျိုးနိုင်



Revd.Dr.
စမစ်ငူလ်ဇာထောင်း


ဆရာအိုက်ဇက်ခင်


ဆရာစဆယ်မြူယယ်


ဆရာဦးကေနော်အောင်


ဆရာမနော်လားဖေး


ဆရာဦးစံလင်း


ဆရာမ ဒေါ်ဖွိုင်းလှဂျော်

## ပညာတော်သင်ဆရာ / မများ


ဆရာမ မေရီနှင်းနှင်းအေး


ဘုန်း / စောကလိုထူးဝါး


ဘုန်း / စရှိုင်းလုကာ

## စာကြည့်တိုက်ဝန်ထမ်းများ



Revd. စောဂျွန်သက်လွင်
စာကြည့်တိုက်မှူး



Teacher ဒေါ်ဝေဝေမြင့်
လက်ထောက်စာကြည့်တိုက်မှူး



Dr. နော်မားစီစည်းစိမ်စိုး
လက်ထောက်စာကြည့်တိုက်မှူး

## ရုံးပိုင်းဆိုင်ရာ ဝန်ထမ်းများ



နန့်ချယ်ရီ
ချက်ပြုတ်ရေးတာဝန်ခံ



စောဒေးဗစ်
ဥယျာဉ်မှူး



နန့်သန္တာဝင်း
ရုံးဝန်ထမ်း



ပီတာအောင်တူး
ယာဉ်မောင်း



ဦးစောပီတာအေး
အကျိုးဆောင် ဝန်ထမ်း
လေးထပ်ဆောင်သစ်စီမံကိန်း



မောင်လပြည့်ဖြိုး
ရုံးအကူ


ATRC
ပန္တက်ရိုက်ခြင်းအခမ်းအနား



၂၀၁၉–၂၀ စာသင်နှစ် ဖွင့်ပွဲ
အခမ်းအနား



ယခင်ကျောင်းအုပ်အား
ဂုဏ်ပြုနှုတ်ဆက်ခြင်းအစီအစဉ်







မောင်မယ်သစ်လွင်ကြိုဆိုပွဲ
ပုံရိပ်များ





လေးထပ်ဆောင် အဆောင်သစ် တည်ဆောက်
ရန်အတွက် လုပ်ငန်းအပ်နှံခြင်းအစီအစဉ်








လေးထပ်ဆောင် အဆောင်သစ် နှင့်ဆိုင်သော
ကွင်းဆင်းရှင်းလင်းတင်ပြခြင်း




ကိုယ်တိုင်ရေးစပ် သီချင်းဆိုပြိုင်ပွဲ

## ၂၀၁၉ ခုနှစ် ဘွဲ့ရကျောင်းသားများ









## ကျောင်းတွင်း လှုပ်ရှားမှုပုံရိပ်များ



ဘောလုံးအသင်း



# အယ်ဒီတာ့စကား

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ရှာလုမ်မဂ္ဂဇင်းကို ထုတ်ဝေခွင့်ရသည့်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ဦးစွာချီးမွမ်းပါသည်။ ၂၀၁၉–၂၀၂၀ စာသင်နှစ်အတွက် ထိုသို့ထုတ်ဝေနိုင်ရန် ဦးဆောင်လမ်းညွှန်ပေးသော ကျောင်းအုပ်ကြီး ဘုန်းတော်ကြီး ဒေါက်တာပေါလ်မြင့်ထက်ထင်ရကိုလည်း အထူးပင် ကျေးဇူးတင်ပါသည်။ မဂ္ဂဇင်းဖြစ်သည့်အားလျော်စွာ ကာတွန်း၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး ဟူသည့် ကဏ္ဍအသီးသီး၌ ပါဝင်အားဖြည့်ရေးသားပေးကြသော စာရေးဆရာများနှင့် ကလောင်သစ်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ နှစ်စဉ်ဖတ်ရှုအားပေးနေကြသော အသင်းသူ၊ အသင်းသားများကိုလည်း ကျေးဇူးဥပကာယတင်ရှိပါသည်။

ကျောင်းတော်ကြီး၏ ယခုနှစ်အဓိကအချက်မှာ စင်ကြယ်ခြင်း (Chastity) ဖြစ်ပါသည်။ ရဟန်းကျောင်းများတွင် အဓိကလိုက်နာရန် ပြဋ္ဌာန်းထားလေ့ရှိသည့်အချက် ၃ ချက်မှာ– နာခံခြင်း (Obedience)၊ ခြိုးခြံခြင်း (Poverty) နှင့် စင်ကြယ်ခြင်း (Chastity) တို့ဖြစ်ပါသည်။ ထိုအချက် ၃ ချက်ထဲမှ စင်ကြယ်ခြင်းဆိုသည့်အချက်ကို ယခုနှစ်တွင်အဓိကထားရှိကြောင်း တွေ့ရပါသည်။

Chastity ၏မူရင်းအဓိပ္ပါယ်မှာ မည်သည့်လိင်မှုကိစ္စကို ဆောင်ရွက်ခြင်းမရှိသည့် အနေအထားကို ရည်ညွှန်းထားကြောင်း ကိန်းဘရစ်အဘိဓါန် (Cambridge Advanced Learner's Dictionary) တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

"The state of not having sexual relationship or never having had sex!"

သို့ရာတွင် ရဟန်းနှင့် သီလရှင်ကျောင်းများမဟုတ်သည့် အင်္ဂလီကန်ကျမ်းစာကျောင်းများ၌မူ အထက်ပါအဓိပ္ပါယ်အတိုင်းမဟုတ်တော့ဘဲ၊ Chastity (စင်ကြယ်ခြင်း)ဆိုသည်မှာ ဖောက်ပြန်မှုမရှိသည့် တစ်လင်တစ်မယား အိမ်ထောင်ဘဝကို ရည်ညွှန်းပါသည်။ (မှတ်ချက်။ အင်္ဂလီကန် အခြေခံယုံကြည်ချက် (၃၉) ချက်၏ (၃၂) ချက်မြောက်၌ သံဃာဆရာများ လက်ထပ်ထိမ်းမြားခြင်းကို ခွင့်ပြုထားသည့်အတွက်ဖြစ်သည်။)

009 HCTC

စင်ကြယ်ခြင်းနှင့်ပက်သက်၍ နောက်ထပ်စဉ်းစားဆင်ခြင်ဖွယ်ရာအချက်မှာ ခရစ်ယာန်တစ်ဦးစီတိုင်း၏ နေ့စဉ်အသက်တာရှင်သန်နေထိုင်မှုနှင့်လည်း ဆက်နွယ်နေပါသည်။ ခရစ်တော်၏ တောင်ပေါ်ဒေသနာ၌ ဖော်ပြသောအချက်မှာ 'စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏' (မဿဲ ၅း၈) ဟူ၍ ဖြစ်သည်။ King James Version ၌ဖော်ပြသည်မှာ "The pure in heart" ဟူ ၍ဖြစ်ပါသည်။

ထို့ကြောင့် စိတ်နှလုံးစင်ကြယ်ခြင်း၊ ဖြူစင်ခြင်းဆိုသည်မှာ ရိုးသားဖြောင့်မတ်ခြင်းကို ရည်ညွှန်းနေပါသည်။ မိမိ၏ အတွေးစိတ်ကူးများသည် စင်ကြယ်ဖြူစင်နေပါက ဘုရားသခင်ကို ဖူးမြင်ရမည်ဖြစ်ကြောင်း မဿဲ ၅း၈ ၌ ခရစ်တော်ကသွန်သင်နေခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် ၁ရှမွေလ (၁ရာ) ၁၆း၇ ၌ ဖော်ပြသကဲ့သို့ 'လူသည် အဆင်းသဏ္ဍာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကိုကြည့်ရှုတတ်၏'ဆိုသည့်အတိုင်း ကျွန်ုပ်တို့သည်လည်း အတွင်းစိတ်နှလုံး စင်ကြယ်နေစေရန်၊ ရိုးသားဖြောင့်မတ်သော စိတ်သဘောထားရှိနေစေရန် ဘုရားသခင်အလိုတော်ရှိကြောင်း ကျောင်းသူ၊ ကျောင်းသားအနေဖြင့်သော်လည်းကောင်း ကျွန်ုပ်တို့ခရစ်ယာန်တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း ဖြူစင်စိတ်ထားများရှိကြရန် ဝေမျှလိုက်ပါသည်။

**ပုံနှိပ်မှတ်တမ်း**

**ရာလုမ်တာဝန်ခံ**
ဆလိုင်းစတီဗင်
**လက်ထောက်ရာလုမ်တာဝန်ခံ**
ဆလိုင်းမင်းမော်ကောင်း

**တာဝန်ခံစာတည်းများ**
ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း
ဘုန်းတော်ကြီး မိုးဇက်ကစိုထော

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဘုန်းတော်ကြီး စောခလေးစော (မောင်ကောင်းကြီး)

**ပုံနှိပ်တိုက်**
ကိုမျိုးသန်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ
အုပ်ရေ - ၅၀၀



# ကျေးဇူးတင်စကား

ဤစာအုပ်အား ကောင်းမွန်စွာဖြင့် ထုတ်ဝေနိုင်သည့်အတွက် ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဤစာအုပ်အား အောင်မြင်စွာဖြင့် ထုတ်ဝေနိုင်ရန်အတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော တယောက်ချင်းစီတိုင်းကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ အထူးသဖြင့် ဆောင်းပါးများ၊ ကာတွန်းများ၊ ဟာသများ၊ ကဗျာများအားဖြင့် ကူညီအားဖြည့်ပေးကြသော ခရစ်တော်၌ ညီအစ်ကိုမောင်နှမများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ တာဝန်ခံစာတည်းများဖြစ်ကြသော ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်းနှင့် ဘုန်းတော်ကြီး မိုးဇက်ကစိုထောတို့အားလည်းကောင်း အတူတကွ မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်းများကို ပုံဖော်ပေးပါသော ဘုန်းတော်ကြီး စောခလေးစော အားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်ကို ဝယ်ယူဖတ်ရှုကြသောသူများအားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ အမည်နာမအားဖြင့် မဖော်ပြသော်လည်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းကို ဖော်ပြအပ်ပါသည်။

ဆလိုင်းစတီဗင်
ရှာလုမ်တာဝန်ခံ

# မာတိကာ

ဥယျောဇဉ် ၀၀၁ Revd.Dr.ပေါလ်မြင့်ထက်ထင်ရ
**ဓါတ်ပုံစာမျက်နှာများ** ၀၀၂
**ဘာမူစိစစ်ရေးတာဝန်ခံစကား** ၀၀၉ Revd. ဝင်စတန်အောင်မျိုးထွန်း
**ကျေးဇူးတင်စကား** ၀၁၁ ဆလိုင်းစတီဗင်
**အဆိုအမိန့်** ၀၁၄ ဒေါ်ရှိုင်းနှင်းထွန်း

**ကဗျာ**
အသက်ရှင်ခြင်းဝတ်ဆုံ ၀၁၅ စောမုတ်ဆိတ် (ကေတု)
စင်ကြယ်ခြင်း ၀၁၆ လေးလို (ကေတု)
အမေ့အပြုံး ၀၁၇ John Naw (ဘဲကလေး)
လှေကား ၀၁၈ ဆလိုင်းဘဒိုး
သခင့်မျက်နှာ ၀၁၉ လေးလို (ကေတု)

**ဆောင်းပါး**
အလေ့အကျင့်ဖြစ်အောင် ရယူပါ ၀၂၀ နောင်တော်ကြီး
နာခံခြင်း၊ ငြိုးခြ်ခြင်း၊ စင်ကြယ်ခြင်း ၀၂၄ ဦးပီတာအေး
အနီးမှုန် ၀၂၆ Revd.Dr.အင်ဒရူးမန်းဇော်လွင်
ဆေးခန်းထဲမှ ကောင်းကင်တမန် ၀၂၈ လင်းထက်
ချီးမွမ်းကိုးကွယ်ခြင်း ၀၃၁ Revd. မိုးဇက်ကစိုထော
တပည့်တော်များ အမှုတော်ဆောင်ခြင်း ၀၃၈ Revd.အိုက်နေ့ာကာ
ဒုက္ခဆူးဆင်းနှင့် နှင်းဆီမွေ့ရာ ၀၄၈ ဦးယုမင်း (မြစ်ကြီးနား)

သက်သေခံချက် ၀၉၉ နန်းအိအိခေါင်

**သတင်း**

၀၅၁ ၂၀၁၈–၂၀၁၉ ပညာသင်နှစ် ကျောင်းသူ၊ ကျောင်းသားများ၏ နွေရာသီကွင်းဆင်းလေ့လာ ရေးခရီးစဉ်မှတ်တမ်း
၀၅၇ ၂၀၁၉–၂၀၂၀ ကျောင်းသားကောင်စီ၏ လှုပ်ရှားမှုများ
၀၇၆ ဆရာ/မ၊ ကျောင်းသူ/ သား ဝန်ထမ်းအင်အား (၂၀၁၉–၂၀၂၀) ပညာသင်နှစ်
၀၈၀ ATRC အတွက် အလှူငွေစာရင်း

**ရင်တွင်းစကားများ** ၀၆၂

**အင်တာဗျူး**

ရှေ့နေဦးမင်းစိန်နှင့်တွေ့ဆုံခြင်း ၀၇၂ ရှာလုမ်ကော်မတီ

**သမိုင်း**

History of the Holy Cross Theological College ၀၃၅ Teacher Maureen

**ကာတွန်း**

ကာတွန်း ၀၇၈ တေရ
ကာတွန်း ၀၇၈ လူဖေက်
ကာတွန်း ၀၇၉ ကြောင်လက်သည်း အင်တာနက်

**ရှာလုမ်အပြုံး**

သိပ်မများပါဘူး (ရှာလုမ်အပြုံး) ၀၆၁ ကျောင်းဆရာ
ယေရုရှလင်မှာ ဆုံးတဲ့ယောက္ခမ ၀၂၃ နော်ဇား (ကျွန်းချောင်း)
ကလေးသီသြလော်ဂျီ ၀၃၀ နော်ဇား (ကျွန်းချောင်း)
မအိုဆေး (ရှာလုမ်အပြုံး) ၀၇၅ အမေ့သား
ဓမ္မဆရာမ (ရှာလုမ်အပြုံး) ၀၄၇ နော်ဇား (ကျွန်းချောင်း)
အနစ်နာခံချင်လို့ပါ ၀၄၇ လုကီ

# အခဆိုအမိန့်များ

**စုစည်းတင်ပြသူ– ဒေါ်ရှိုင်းနင်းထွန်း(သန့်ရှင်းသောကားတိုင်အသင်းတော်)**

- ချစ်ခြင်းမေတ္တာအနည်းငယ်ရှိသောသူသည် အနည်းငယ်သာဆုတောင်းပြီး ချစ်ခြင်းမေတ္တာများစွာရှိသောသူသည် များစွာဆုတောင်းတတ်သည်။ **စိန့်ဩဂတ်စတင်း**
- လူတို့သည် ကျွန်ုပ်ပြောသောသတင်းစကားနှင့် ကျွန်ုပ်တို့မေတ္တာပြခြင်းကို ငြင်းပယ်နိုင်သော်လည်း ဆုတောင်းခြင်းကိုမူ မည်သူမျှမတားဆီး၊ မပိတ်ပင်နိုင်ပါ။ **ရစ်(ခ်)ဝါရင်**
- ကျွန်ုပ်တို့အား အောင်မြင်မှုရရှိရန်ဖိတ်ခေါ်ခြင်းမဟုတ်။ သစ္စာရှိရန်ဖိတ်ခေါ်ခြင်းဖြစ်သည်။ **မာသာထရီဆာ**
- ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့်အခမဲ့ရပြီးသော်လည်း တပည့်တော်ဖြစ်ဖို့ရန် ရှိသမျှအရာအားလုံးအတွက် အဖိုးအခပေးရမည်။ **ဘီလီဂရေဟမ်**
- ခွင့်လွှတ်နိုင်စွမ်းမရှိသောသူသည် ချစ်မြတ်နိုးနိုင်စွမ်းလည်း ရှိမည်မဟုတ်ပါ။ **မာတင်လူသာကင်းဂျူနီယာ**
- အသင်းတော်ဟူသည် သူတစ်ပါးအတွက် အသက်ရှင်နိုင်သည့်အချိန်မှာသာလျှင် အသင်းတော်ဟု သမုတ်အပ်သည်။ **ဒီယက်ထရစ်ဘွန်ဟိုးဖာ**
- လူသည် ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းဖြစ်သောကြောင့် ဆင်းရဲသူများလည်း ပါဝင်သည်။ **ဂျော့(ချ်)ဟာ့ဘက်**
- ဘယ်သောအခါမှ သင့်ရဲ့စိတ်အားထက်သန်မှုအလံကိုလျှော့မကျစေနဲ့။ ဝိညာဉ်တော်၏ အရှိန်အဟုန်ဖြင့် တလူလူလွင့်နေပါစေ။ **ဂျိမ်း(စ်)မိုဖတ်စ်**
- နေ့အချိန်၌အကောင်းဆုံး သင်၏အချိန်ကို ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရန် အသုံးပြုပါ။ သင်၌ရှိသမျှအရာတိုင်းကို ထာဝရတည်မြဲဖို့ ဘုရားသခင်ထံရင်းနှီးမြှုပ်နှံပါ။ သို့မှသာ ထာဝရကာလ၌ ကောင်းကြီးမင်္ဂလာအဖြစ် သင်ပြန်တွေ့ရလိမ့်မည်။ **ဘာစီလီယာရှလင့်(ခ်)**
- မိတ်ဆွေကောင်းသည် တိုက်နွယ်ပင်ကဲ့သို့ဖြစ်သည်။ ကြီးပွားသည်ဖြစ်စေ၊ ဘဝပျက်သည်ဖြစ်စေ အနီးဆုံးသူအဖြစ် ရပ်တည်သည်။ **ဒီအယ်လ်မူးဒီ**
- စာတန်သည် အလုပ်လက်မဲ့နှင့်လူပျင်းများကို အမြဲရှာဖွေစည်းရုံးသည်။ **အိုက်ဇက်ဝပ်တ်**



## အသက်ရှင်ခြင်း ဝတ်စုံ

စောမုတ်ဆိတ်(ကေတု)

ရွေးချယ်စရာတွေက ဆိုင်းဘုတ်အများအပြားမှာ
မှားစရာလမ်းတွေကလည်း အတွေးအခေါ်ကို အချိန်ပိုဆင်းခိုင်းနေကြ
ငွေရှိရင် ဘာမဆိုဖြစ်တယ်
အာဏာရှိရင် ဘာမဆို ပြီးတယ်ဆိုပြီး
သွေးတွေကြွနေကြ
မိုးတွေမည်းတိုင်း ရွာမယ်လို့ပြောလို့မှမရ
မီးခလုတ်နှိပ်တိုင်း မီးလင်းမယ်လို့ ပြောလို့မှမရ
ပါးစပ်က ဘုရား ဘုရားပြောတိုင်း
ကောင်းကင်နိုင်ငံတော် ရောက်မယ် ပြောလို့မှမရ
ရောင်းရင်းရေ
အလိုတော်ကို ဝန်ခံလျှောက်လိုက်နိုင်ပါမှ ။ ။



# စင်ကြယ်ခြင်း

လေးလို(ကေတု)

ငါတို့တွေအသွင်မတူ
အဆင်းမတူ အရောင်သွေးမတူ
ပတ်ဝန်းကျင်မတူ အကျင့်မတူ
အသက်ရှင်မှုမတူ နေရာဒေသမတူ
အလွှာအသီးသီးကနေလာခဲ့ကြပေမယ့်
တစ်နေရာထဲမှာအတူနေထိုင်
အတူစားသောက် အတူစာသင်ပြီး
တူညီတဲ့ရည်မှန်းချက် စင်ကြယ်တဲ့နှလုံးသားနဲ့
ဒီကျောင်းတော်ကြီးကနေ ဘုရားဘုန်းတော်ထင်ရှားဖို့အတွက်
ကြိုးစားဆက်ကပ်ပြီး
စင်ကြယ်ခြင်းအသက်တာနဲ့
ဆက်လျှောက်ကြစို့ ရောင်းရင်းများ။



# အမေ့အပြုံး

John Naw (ဘဲကလေး)

ရာသီတွေပြောင်း...
နှစ်တွေဟောင်းလဲ....
မေ့လို့မရနိုင်...အမေ့ပြုံးချိုချိုများ။
အားဆေးပမာ အရေးပါ...
စိတ်ချမ်းသာစေမှာ...
အနေဝေးမှ သိသာထင်ရှား...အမေ့ပြုံးချိုချိုများ။
တင်စား၍လည်းမမှီနိုင်...
ပျားသကာထက် ချိုလွန်းပြန်...
မြင်သူတကာများ ငြိမ်းချမ်းသွား...အမေ့အပြုံးချိုချိုများ
ဖန်ဆင်းရှင်အား ကျေးဇူးတင်...
ရင်ထဲအမှန်ပင်...
ဤထက်ထူးကဲ စကားလုံးများ...
ပြောလိုက်ချင်ပါတကား...
နောက်ဆုံးတောင်းဆု ဆန္ဒပြု...
ကူးစက်စေသား...အမေ့အပြုံးချိုချိုများ။



# လှေကား

ဆလိုင်းဘဒိုး

နေပယ်လ်တွေ
မီလန်တွေ
ဖလောရင့်စ်တွေ ငါမသိဘူး . . . . .။
ငါ့အရှေ့မှာ ငါရှိနေတာတောင်
ငါမသိခဲ့ဘူး . . . . .။
တစ်သက်လုံးမက်လာတဲ့အိပ်မက်က
နာကျင်အချိန်ပိုမှာ
ဘာဆုတောင်းရမလဲ ဆိုတာပဲ . . . . .။



## သခင့်မျက်နှာ

လေးလို(ကေတု)။

လောကအရာတွေလား
ကျွန်တော်သိပ်ကြိုက်ခဲ့တာပေါ့
လောကရဲ့ စွဲလန်းခြင်းတွေလား
ကျွန်တော်သိပ်ခုံမင်ခဲ့တာပေါ့
ဒါပေမယ့်----
သခင့်မျက်နှာ မပျက်ဖို့
သခင့်သိက္ခာမကျဖို့အတွက်
အကြိုက်ဆုံးအခုံမင်ဆုံးအရာတွေကို
ကျောခိုင်းခဲ့ပါပြီ
သခင်ရယ်-----။



# အလေ့အကျင့်ဖြစ်အောင် ရယူပါ

■နောင်တော်ကြီး

လူတိုင်းမှာ မိမိနှစ်သက်တဲ့ အကျင့်ကလေးတွေ ကိုယ်စီရှိကြပါသည်။ လေရှူသွင်း၊ ရှူထုတ်လုပ်တဲ့အလုပ်ကလွဲလို့ အမြဲတစေလုပ်တတ်တဲ့အရာကို အကျင့်လို့သတ်မှတ်ကြပါတယ်။ ကျွန်တော်တို့မှာ အကျင့်ဖြစ်နေတဲ့၊ အကျင့်ပါနေတဲ့အရာတွေ အများကြီးရှိပါတယ်။ ဆရာတစ်ဦးက ပြောဖူးပါတယ်။ 'ပထမလူဟာ အကျင့်ကိုဦးစွာကျင့်တယ်။ နောက်ပိုင်းမှာတော့ အကျင့်ရပြီး သွားရင် အဲ့ဒီအကျင့်က လူကိုပြန်ကျင့်သွားတယ်' တဲ့။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အရက်သောက်ခြင်းဟာလဲ လူက ကျင့်ယူတဲ့အကျင့်တွေပဲ ဖြစ်ပါတယ်။ ဆဲဆိုတတ်တာ၊ နေရင်းထိုင်ရင်း စိတ်ဆိုးတတ်တာ၊ စိတ်ကောက်တတ်တာ၊ ဈေးဝယ်ရင် ဈေးဆစ်တတ်တာ၊ တစ်ချို့ဆို မုန့်ဟင်းခါးစားရင် 'ဟင်းရည်နည်းနည်းလောက်' ဆိုပြီး မရမက အဆစ်တောင်းတတ်တာတွေဟာ လုပ်ယူထားတဲ့ အကျင့်တွေပါပဲ။ အင်မတန်ခင်တဲ့ သူငယ်ချင်းတွေ တွေ့ကြတဲ့အခါ ဆဲဆိုပြီး နှုတ် ဆက်ကြတာတွေဖူးကြားဖူးပါတယ်။ တစ်ကယ်တော့ စိတ်နာနေလို့မဟုတ်ဘူး။ အရမ်းကိုခင် လွန်းလို့။ အဲ့ဒါလဲ အကျင့်တစ်ခုပါပဲ။

ငယ်ဘဝတုန်းက ဆဲတဲ့အကျင့်ကိုစမ်းကြည့်တာ အဖေကရိုက်လိုက်တော့ ပျောက်သွားတယ်။ နောက်လဲ မဆဲမိတော့ဘူး။ ငယ်ငယ်က အစိုးရမိဘမဲ့ကျောင်းမှာ ကြီးပြင်းခဲ့ရပါတယ်။ အဲ့လိုပြောတော့ မိဘမဲ့တဲ့သူပဲလို့ မတွေးမိစေချင်ပါ။ အဖေက အဲ့ဒီကျောင်းမှာဝန်ထမ်းဖြစ်တော့ အဲ့ဒီကျောင်းမှာပဲ ကြီးပြင်းခဲ့ရတာပါ။ မူလတန်းကို အဲ့ဒီကျောင်းမှာ ကျော်ဖြတ်ခဲ့ရတယ်။

အဆိုပါကျောင်းမှာ ကလေးနှစ်မျိုးကို တွေ့ရပါတယ်။ ပထမတစ်မျိုးက လမ်းဘေးမှာလေလွင့်တဲ့ ကလေးနဲ့ နောက်တစ်မျိုးက အစိုးရမိဘမဲ့ဂေဟာကနေ ပြောင်းရွှေ့ရောက်လာတဲ့ ကလေးတွေပဲဖြစ်တယ်။ မိဘမဲ့ဂေဟာဆိုတာက ဆေးရုံတွေကနေ မိဘတွေက အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ထားခဲ့လို့ အစိုးရကထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ နေရာမျိုးဖြစ်ပါတယ်။ မွေးကင်းစအရွယ်ကနေ စလို့ သူတို့အသက် (၅) နှစ်ပြည့်တဲ့အခါ ကျွန်တော့်အဖေအလုပ်လုပ်တဲ့ကျောင်းကို ပြောင်းရွှေ့ရောက်လာပါတယ်။

လမ်းဘေးကနေရောက်လာတဲ့ကလေးတွေက စရိုက်ကအစုံ။ ခိုးတတ်၊ ဝှက်တတ်။ လိမ်တတ်၊ ညာတတ်။ ဆဲတတ်၊ ဆိုတတ်။ ရန်ဖြစ်မလား၊ လက်မြန်၊ ခြေမြန်။ အသားအရေကလည်း နေလောင်ထားတဲ့ ညိုညိုမဲမဲကလေးတွေ။ ဒါပေမယ့် မိဘမဲ့ဂေဟာကနေရောက်လာတဲ့ ကလေးတွေကတော့ အသားအရည်ဖြူဖြူဝင်းဝင်းကလေးတွေပါ။ မခိုးတတ်မဝှက်တတ်။ မလိမ်တတ်မညာတတ်။ မဆဲတတ်၊ မဆိုတတ်ကလေးတွေအနေနဲ့ပေါ့။ ဒါပေမယ့် နောက်လအနည်းငယ်ကြာလာတဲ့အခါ အဲ့ဒီကလေးတွေဟာ သူတို့ရှေ့ကနောင်တော်ကြီးတွေလို နည်းမျိုးစုံတတ်ကျွမ်းတဲ့သူတွေ ဖြစ်လာပါတယ်။ ခိုးဝှက်နည်းမျိုးစုံ တတ်ကျွမ်းလာတယ်။ လိမ်ညာတတ်လာတယ်။ နည်းမျိုးစုံဆဲဆိုတတ်လာတယ်။ သူတို့ကို လမ်းပြခဲ့တဲ့သူတွေထက်တောင် သာပါရောလား။ ကောင်းရော။

တမန်တော်ကြီးရှင်ပေါလုက ‘မှောင်မိုက်ဆိုင်ရာအကျင့်တန်ဆာ (၁၅) မျိုး’ (ဂလာတိ ၅း၁၉-၂၁)နဲ့ ‘အလင်းဆိုင်ရာလက်နက်စုံ သို့မဟုတ် ဝိညာဉ်အသီး (၉) မျိုး’ (ဂလာတိ ၅း၂၂) ကို ရှေ့နောက်ဆင့်လို့ ဖော်ပြခဲ့ပါတယ်။ ဘယ်အမျိုးအစားကို လုပ်ရပိုလွယ်ပါသလဲ။ ‘မှောင်မိုက်ရာအကျင့်တွေက ဝိညာဉ်အသီးတွေထက်များတော့ ရွေးချယ်လုပ်နိုင်တဲ့အခွင့်အလမ်းက ပိုများတယ်မဟုတ်ပါလား။ အသွေးအသားနဲ့လဲ ပိုပြီးဓာတ်တည့်တဲ့သဘောမှာရှိတယ်။ ကျင့်သားရနေပြီးသားဆိုတော့ လုပ်ရကိုင်ရတာလဲပိုပြီးတော့လွယ်မှာပေါ့။ ဝိညာဉ်အသီးတွေကတော့ ကိုယ်နဲ့ သိပ်မဆိုင်သလို ဖြစ်နေတတ်တယ်။ ဘာကြောင့်လဲဆိုတော့ ကျင့်သားမှမရတာကိုး။ ဘယ်ကျင့်သားရမလဲ။ လေ့ ကျင့်မှုမှမရှိဘဲ။’

ဘယ်အားကစားနည်းမဆို လေ့ကျင့်မှုမပြတ် ပြုလုပ်နေမှ ကိုယ်နဲ့တစ်ထပ်ထဲကျပေမပေါ့။ ‘လေ့ကျင့်မှုက ပြည့်စုံစေတယ်’ (Practice makes perfect) ဆိုတဲ့ ဆိုရိုးစကားလဲရှိတယ် မဟုတ်လား။

ဝိညာဉ်သဘောမှာလဲ အကျင့်ပါနေတဲ့အရာလေးတွေပြောကြည့်ပါရစေ။လုပ်ငန်းတစ်ခုစမလုပ်ခင် ဆုတောင်းလိုက်တာ။ ဘုရားရှင် ကူပါ ၊ ကယ်ပါပေါ့။ ဒါပေမယ့် လုပ်ငန်းလဲပြီး၊ အောင်မြင်သွားတဲ့အခါ ဘာမှတ်ချက်ပြုသလဲဆို ‘ကံကောင်းလိုက်တာ၊ ကံကောင်းလို့ပေါ့ ’တဲ့။ သဘောကတော့ ‘ငါလုပ်လို့၊ ငါတော်လို့၊ ငါတတ်လို့၊ ငါသိလို့။’ ဆိုတာပါပဲ။ အိန္ဒိယပုံပြင်လေးတစ်ပုဒ်ကို ဖတ်ဖူးလို့ ဝေမျှပါရစေ။

> "အဆိုးမြင်တဲ့
> သူတွေဟာ
> အခွင့်အလမ်းမှာ
> အခက်အခဲကိုမြင်
> တယ်။
> အကောင်းမြင်သူ
> တွေဟာ
> အခက်အခဲတိုင်းမှာ
> အခွင့်အလမ်းကို
> မြင်တယ်"တဲ့။

ပုံပြင်ခေါင်းစဥ်ကိုတော့ မေ့သွားလို့၊ 'ထင်းခုတ်သမား' လို့ဘဲ တပ်ပါရစေ။ ထင်းခုတ်သမားတစ်ဦးဟာ တောထဲမှာ ထင်းသွားခုတ်လေရဲ့။ သူထင်းခုတ်တဲ့ပုံက သစ်ကိုင်းအဖျားမှာထိုင်ပြီး အရင်းပိုင်းကို ခုတ်နေတာပေါ့။ စာဖတ်ပရိသတ်လဲ ဘယ်လိုဆက်ဖြစ်လေမလဲ စဥ်းစားသာကြည့်ပါတော့။ အဲ့ဒီအချင်းအရာကို မြင်တဲ့ အဖေနတ်ဘုရားနဲ့အမေနတ်ဘုရားက စိုးရိမ်မိတယ်ဆိုပဲ။ အိန္ဒိယပုံပြင်ဆိုတော့ သူတို့နိုင်ငံမှာ ဘုရား တွေက အများကြီးရှိတယ်မဟုတ်လား။ 'အမလေး၊ ဒီသစ်ခုတ်သမားနှယ်။ သစ်ကိုင်းအဖျားကနေထိုင်ပြီး အရင်းပိုင်းကို ခုတ်ရတယ်လို့။ သစ်ကိုင်းများ ကျိုးကျလို့ ကတော့ မလွယ်ပေဘူး။' ဘယ်လိုကူရမလဲဆိုပြီး နတ်ဘုရားနှစ်ပါး ခေါင်းချင်းဆိုင်တိုင်ပင်တော့တာပေါ့။ နောက်ဆုံးတော့ အကြံတစ်ခုရသွားတယ်။ သစ်ကိုင်း ဂျွတ်ကနဲ ကျိုးကျသွားတဲ့အချိန်၊ 'အဖေ' လို့ အော်ရင် အဖေ ငါ နတ်ဘုရားက ကယ်မယ်။ 'အမေ' လို့အော်ရင် အမေ နတ်ဘုရားကကယ်ပေါ့။ ဟုတ်တယ်လေ။ လူဆိုတာ အန္တရာယ်နဲ့ တွေ့ကြုံရင်ဆိုင်ရရင် 'အဖေ' ဒါမှမ ဟုတ် 'အမေ' လို့အော်တတ် တယ်မဟုတ်လား။ ဒီလိုနဲ့ သစ်ခုတ်သမားကို ငုတ်တုတ်ထိုင်စောင့်ကြည့်ရုံပေါ့။ ဘယ်တတ်နိုင်မှာလဲ။ သစ်ခုတ်သမားကလည်း တဒုတ်ဒုတ်နဲ့ ခုတ်နေလေရဲ့။ သိပ်မကြာခင်မှာပဲ 'ဂျွတ်' ဆို သစ်ကိုင်းကျိုးကျပါလေရော။ သစ်ခုတ်သမား ဘယ်လို အော်တယ်ထင်တုန်း။ 'သေပါပီဗျ'တဲ့။ နည်းတောင်နည်းသေး။ သေပါပီဆိုမှတော့ သေဖို့သာရှိပေမပေါ့။

လူတွေရဲ့အကျင့်ပါပဲလေ။ ဘုရားသခင်ကို ယုံကြည်ခြင်းကိုလဲ လေ့ကျင့်ကြည့်ဖို့လိုမယ်ထင်တယ်။ သခင်ယေရှုရဲ့သွန်သင်ချက်၊ မိန့်မှာချက်တွေကိုလဲ လေ့ကျင့်ကြည့်ဖို့လိုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဗြိတိန်ဝန်ကြီးချုပ်လုပ်ခဲ့တဲ့ ဆာဝင်စတန်ချာချီက ဘာပြောခဲ့သလဲဆိုရင် 'အဆိုးမြင်တဲ့ သူတွေဟာ အခွင့်အလမ်းမှာ အခက်အခဲကိုမြင်တယ်။ အကောင်းမြင်သူတွေဟာ အခက်အခဲတိုင်းမှာ အခွင့်အလမ်းကို မြင်တယ်' တဲ့။ လူရဲ့အမြင်က အဲ့ဒီနှစ်မျိုးပဲရှိသလို၊ အဲ့ ဒီ အမြင် နှ စ် မျိုး ကလူ ကို ပြောင်း လဲ အောင် လုပ်ပေးလိုက်တာပဲ မဟုတ်ပေဘူးလား။ ကောင်းတဲ့အမြင်ရှိလာအောင် လေ့ကျင့်ဖို့လို အပ်ပါလိမ့်မယ်။ ဒါမှလည်း အခက်အခဲတွေကြားထဲက အောင်မြင်ခြင်း တွေ့ရနိုင်မှာ မဟုတ်ပေဘူးလား။

'သမ္မာကျမ်းစာ(နှုတ်ကပါတ်တော်)ကို စွဲစွဲမြဲမြဲ၊ မပြတ်မလပ် ဖတ်ရှု၊ မှတ်သား၊ လေ့လာ၊ နှလုံးသွင်း၊ စဥ်းစားဆင်ခြင်ခြင်းအမှု (Read, Mark, Learn and inwardly Digest) ကို အကျင့်ပါအောင် လုပ်ဖို့လိုပါသည်။ အဲ့ဒါမှ သမ္မာကျမ်းစာထဲကတစ်ဆင့် ဘုရားသခင်က ကျွန်ုပ်တို့ကို ဘာပြောနေသလဲ။ ဘာဖြစ်စေချင်သလဲဆိုတာကိုသိမြင်နိုင်မှာဖြစ်တယ်။ ထို့အပြင်ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်း

ခြင်း၊ ပေးကမ်းမျှဝေခြင်း၊ ရိုင်းပင်းကူညီခြင်း၊ လှူဒါန်းခြင်း၊ ယုံကြည်သူ အချင်းချင်း မိတ်သဟာယဖွဲ့ခြင်း၊ ဘုရားဝတ်မှာမွေ့လျော်ခြင်း အစရှိတဲ့အရာတွေကို အကျင့်ဖြစ်အောင်လုပ်သွားဖို့ အရေးကြီးပါတယ်။ အစပိုင်းမှာပြောခဲ့တဲ့ လေ့ရှုသွင်း၊ ရှုထုတ်ခြင်းလို အမြဲတမ်းလုပ်နေတာ အလေ့အကျင့်မဟုတ်ဘူးလို့ဆိုပေမယ့်၊ ခရစ်ယာန်တစ်ယောက်ရဲ့ အသက်တာမှာ အလေ့အကျင့်ဖြစ်ရမယ့်အရာတွေ ကိုတော့ လေ့ရှုသွင်း၊ ရှုထုတ်လုပ်သလို မပင်မပန်း၊ အလိုက်သင့်ဖြစ်နေမယ်ဆိုရင်တော့ဖြင့်... ... ...။

---



# ယေရုရှလင်မှာဆုံးတဲ့ ယောက္ခမ

တစ်ခါကလင်မယားနှစ်ယောက်နှင့်အတူ ဇနီးသည်၏ အမေဖြစ်သူတို့သုံးဦးသား အစ္စရေးနိုင်ငံသို့ လေ့လာရေးခရီးထွက်လာကြ၏။ ယေရုရှင်လင်မြို့သို့ရောက်သောအခါ ညစာစားအပြီး အမေကြီးမှာ ခေါင်းမူးကာလဲကျသွားပြီး ဆေးရုံပို့စဉ်လမ်းတွင် ဆုံးပါးသွားခဲ့ပါသည်။ ထိုအခါ သူတို့ခရီးမသွားမီ ခရီးသွားအာမခံကြေး၊ အသက်အာမခံကြေးများလုပ်ထားသောကြောင့် အာမခံကုမ္ပဏီမှ ကျန်ရစ်သူ သမီးနှင့်သမက်ကို သေသူ၏ရုပ်ခန္ဓာသင်္ဂြိုလ်ခြင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြရာ . .

**အာမခံကုမ္ပဏီကိုယ်စားလှယ်။။**

ကျွန်တော်တို့အာမခံ ကုမ္ပဏီအနေနဲ့ ဒီကိစ္စမှာ လုပ်ပေးလို့ရတဲ့ အခြေအနေနှစ်မျိုးရှိပါတယ်။

ပထမတစ်ခုက ဒီယေရုရှလင်မှာပဲမြုပ်မယ်ဆိုရင် ကုန်ကျစရိတ်သက်သာပါမယ်။ အာမခံငွေနဲ့လည်း ကာမိလောက်ပါတယ်။ ဒုတိယတစ်ခုကတော့ ခင်ဗျားတို့နိုင်ငံအထိ ပြန်သယ်သွားမယ်ဆိုရင် ကုန်ကျစားရိတ်က ၈ ဆလောက်ပိုပေးရပါမယ်။ အာမခံထားတဲ့ငွေနဲ့လည်း မကာမိပါဘူး။ ခင်ဗျားတို့ငွေတော်တော်စိုက်ထုတ်ရပါလိမ့်မယ်။ ခင်ဗျားတို့ကြိုက်တာသာရွေးပါ။ ကျွန်တော်တို့ဆောင်ရွက်ပေးပါ့မယ်။

ထိုအခါ--- သေသူ၏သားမက်ဖြစ်သူက မဆိုင်းမတွဘဲ

ဟော့ . . .မထားခဲ့ဘူး။ ငါ့ယောက္ခမကို ဒီယေရုရှလင်မှာ လုံးဝမထားခဲ့ဘူး။ မရရအောင်ပြန်သယ်မယ်။ ခင်ဗျားတို့မကြားဖူးဘူးလား။ ဒီယေရုရှလင်မြို့မှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ယေရှုဆိုတဲ့လူ သေပြီး သုံးရက်မြောက်နေ့မှာ ပြန်ရှင်တယ်ဆိုတာလေ။ ဒါ့ကြောင့် ကျွန်တော့်ယောက္ခမကို ဒီမှာ မသင်္ဂြိုလ်ပါရစေနဲ့ဗျာ----

နော်ဇား(ကွန်းချောင်း)




# နာခံခြင်း၊ ငြိုးခြံခြင်း၊ စင်ကြယ်ခြင်း

■ ဦးစောပီတာအေး

နာခံခြင်း၊ ငြိုးခြံခြင်း၊ စင်ကြယ်ခြင်းဆိုသည့်အရာကို ဆောင်ပုဒ်တစ်ခုဟု နားလည်ထားပါသည်။ နာခံခြင်းဆိုရာတွင် လူကိုနာခံရမှာလား၊ ဘုရားကိုနာခံရမှာလား အပေါ်စီးရဖို့ရွေးထားတာတော့ ဟုတ်မည်မထင်ပါ။ နာခံခြင်းဆိုသည်မှာ ဘာသာရေးအသုံးအနှုန်းတစ်ခုဟု ယူဆထားပါသည်။ နားထောင်၍ ကောင်းသော လောကုတ္တရာရဲ့ အသုံးအနှုန်းတစ်ခုဖြစ်ပါသည်။ လောကီရေးရာတွင် အမိန့်ကိုနာခံရမည်ဟု ဆိုသည့်အရာဖြစ်ပြီး ထိုအရာကိုလက်ခံပါသည်။ မည်သည့်အလုပ်တွင်ဖြစ်စေ နာခံခြင်းမရှိလျှင် အောင်မြင်မှု တိုးတက်မှုရှိမည်မဟုတ်ပေ။ ထို့အတူပင် ဘုရားစကားနားထောင်သည့်အရာနှင့် နားမထောင်သည့်အဖြစ်အပျက်များကိုလည်း သမ္မာကျမ်းစာတွင် တွေ့ရမည်ဖြစ်ပါသည်။ နာခံခြင်းဆိုသည်မှာ အဖွဲ့အစည်း၏ ဥပဒေစည်းကမ်းပေါ်တွင် အခြေပြုသောအရာဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီသည်ဆိုလျှင် အကြွင်းမဲ့နာခံခြင်းမှလွဲ၍ အခြားရွေးချယ်စရာမရှိပါ။ ညွှန်ကြားချက်တိုင်းသည် စည်းမျဉ်းဘောင်ထဲတွင် ရှိ၊ မရှိဆိုသည်ကို လိုက်နာမည့်သူက သိထားရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ အကြောင်းမဲ့အကျိုးမဲ့ နာခံခြင်းမျိုးမဖြစ်ရန် နာခံသူကိုယ်တိုင် စည်းမျဉ်းစည်းကမ်းကို နားလည်သဘောပေါက် ထားရပါမည်။ ဘုရားရှင်အပေါ်နာခံရမည့်အမှုသည် စောဒကတက်စရာ မည့်သည့်အရာမျှမရှိပါ။ ထိုအရာကိုတော့ အကြွင်းမဲ့ယုံကြည်ရမည် ဖြစ်သည်။

ငြိုးခြံခြင်းဆိုသည်မှာ ခြွေတာခြင်းပင် ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ခြွေတာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာခြွေတာခြင်းဟု ရှိပါသည်။ ရုပ်ပိုင်းဆိုင်ရာ ငွေကြေး၊ ဥစ္စာပစ္စည်းကို လိမ္မာပါးနပ်စွာ သုံးစွဲ

တတ်ခြင်း၊ မိမိသုံးစွဲနေသော ပစ္စည်းဟူသမျှကို ရိုသေစွာကိုင်တွယ်ခြင်း၊ စားသောက်ခြင်းတွင်လည်း အယိုအဖိတ်မရှိစေဘဲ တန်ဖိုးထားစားသောက်ခြင်းတို့ ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာခြိုးခြံခြင်းမှာ တပ်မက်လိုစိတ်နှင့် လောဘ၊ မောဟ၊ ဒေါသ၊ မာန်မာနစိတ်ကို လျော့ချခြင်းဖြစ်ပါသည်။ ခြိုးခြံခြင်းဆိုသည်မှာ မကောင်းမြင်သည့်စိတ်ကို အကောင်းမြင်စိတ်ဓာတ်နှင့် အစားထိုးခြိုးခြံခြင်း၊ တနည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ ခြိုးခြံခြင်းဟာ မိမိပင်ကိုယ်စိတ်ကို အတတ်နိုင်ဆုံး ချိုးနှိမ်ခြင်းပင် ဖြစ်ပါသည်။

စင်ကြယ်ခြင်းဆိုသည်မှာ ရုပ်ပိုင်ဆိုင်ရာစင်ကြယ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာစင်ကြယ်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ ရုပ်ပိုင်းဆိုင်ရာဆိုသည်မှာ သန့်ပြန့်စွာ နေထိုင်တတ်ခြင်း၊ မိမိဝတ်ဆင်ရမည့် အဝတ်ကို မည့်သည့်အချိန်၊ မည်သည့်နေရာတွင် ဝတ်ဆင်ရမည်ကိုသိခြင်း၊ မိမိခန္ဓာရုပ်ရည် မည်သို့ပင်ရှိသည်ဖြစ်စေ လူဘုံအလယ်တွင် တင့်တယ်သောအမြင်ရှိစေရပါမည်။ နှုတ်၏စင်ကြယ်ခြင်းလည်း အရေးကြီးပါသည်။ မိမိနှုတ်သည် အခြားသောသူများကဲ့သို့ ပြောလိုရာပြော၍ မရပါ။ နှုတ်ကြောင့် ဘုရားသခင်၏ ဘုန်းတော်ကို ထွန်းတောက်နိုင်သကဲ့သို့ မှေးမှိန်သွားနိုင်ပါသည်။ နှုတ်ကပတ်တော်ကို ကြေညာရာတွင် နှုတ်သည်မည်မျှ အရေးကြီးကြောင်းကို သတိပြုရပါမည်။ စိတ်ပိုင်းဆိုင်ရာ စဥ်ကြယ်ခြင်းဆိုသည်မှာ သူတစ်ပါးကို စိတ်နှင့်ပင် မပြစ်မှားမိစေရန်ဖြစ်ပါသည်။ ဖြူစင်ရိုးသားသောစိတ်၊ ဖြောင့်မတ်တည်ကြည်သောစိတ်၊ ၅၂၈ မေတ္တာသဘောသာရှိရပါမည်။ မိမိ၏တာဝန်၊ မိမိ၏အနေအထား၊ မိမိ၏အချိန်အခါကို ကြည့်ပြီး စင်ကြယ်သည့်စိတ်ကို မစွန့်ပစ်ရပါ။ မိမိရွေးချယ်ကတိပေးထားသော အမှုကိုစင်ကြယ်စိတ်နှင့် ထိန်းသိမ်းရပါမည်။ တစ်နည်းအားဖြင့် မိမိ၏ အတွေးအခေါ်များကအစ သန့်ရှင်းစင်ကြယ်ရပါမည်။

ဤရေးသားချက်များသည် အကျဥ်းချုပ်သာဖြစ်ပါသည်။ လိုရင်းတိုရှင်းသာ ဖြစ်ပါသည်။ နာခံခြင်း၊ ခြိုးခြံခြင်း၊ စင်ကြယ်ခြင်းဆိုသော ဆောင်ပုဒ်သည် ရေပက်မဝင်အောင် ကောင်းလှပါသည်။ လိုက်နာ၊ ကျင့်ကြံ၊ အားထုတ်၊ ဆောက်တည်ခြင်းအမှုအရာသည် ကာယကံရှင်များအပေါ် မူတည်ပါလိမ့်မည်။ သူ၏အရိပ်သည် အသင်းတော်အပေါ်တွင် လွှမ်းမိုးထားပါသည်။ နေရာတိုင်းတွင် အပြောနှင့် အလုပ်ညီရန်လိုအပ်ပါသည်။ ယုံကြည်ချက်နှင့် ကျင့်သုံးမှုမှန်ကန်ရန်လိုအပ်ပါသည်။ အကျင့်နှင့် အပြုအမူ သဟဇာတဖြစ်ရန်လိုအပ်ပါသည်။ ဆောင်ပုဒ်တစ်ခုသည် နှစ်ကာလအပိုင်းအခြားတစ်ခုအတွက်သာ ကျင့်စောင့်ရန်မဟုတ်ဘဲ ဘဝတစ်ခုလုံးကို တည်ဆောက်ရာတွင် ဆောက်တည်ဖို့ဖြစ်ကြောင်း တင်ပြလိုပါသည်။

SHALOM
MAGAZINE

# အနီးမှုန်
## Near Sighted



**ဘုန်းတော်ကြီး ဒေါက်တာအင်ဒရူးမန်းဇော်လွင်**
**သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်**

လွန်ခဲ့သောနှစ် နှစ်ဆယ်ကျော်က ကိုယ်တွေ့အဖြစ်အပျက်လေးကို ပြန်ပြောင်းသတိရမိပါတယ်။ ကိုယ်တိုင်လည်းလူငယ်၊ လူငယ်ခေါင်းဆောင်၊ အမှုတော်ဆောင်တစ်ပါးအဖြစ်နဲ့၊ လူငယ်အစီအစဉ်တစ်ခုကို ရှင်မာကုအသင်းတော်၊ ပြည်မြို့မှာ ပြုလုပ်ခဲ့ရာမှာ ပါဝင်ခဲ့ပါတယ်။ ကျမ်းစာသင်ကြားခြင်းမှာ ဦးဆောင်ပေးဖို့ တာဝန်ယူခဲ့ရပါတယ်။

ကျမ်းစာသင်ကြားမယ့်နေ့ရောက်လာပါပြီ။ မနက်စောစောထ၊ လုပ်စရာရှိတာတွေလုပ်ပြီး ကျမ်းစာသင်ကြားရမယ့်အချိန်ကို စောင့်နေခဲ့ပါတယ်။ ဘုရားကျောင်းထဲမှာတော့ လူငယ်တွေလည်း သင်ကြားခြင်းမတိုင်မီ ဓမ္မတေးသီချင်းများ သီဆိုနေကြပါတယ်။ ဓမ္မတေးသံများဟာ ငြိမ်းချမ်းသာယာနေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားပါတယ်။ အပြင်မှာလည်း ကမ္ဘာကြီးဟာ လွန်စွာငြိမ်းချမ်းနေပါတယ်။ နေလုံးကြီးလည်း အရှေ့အရပ်ဘက်မှ တဖြည်းဖြည်း ပေါ်ထွက်လာနေပါတယ်။ ကျွန်တော်မျက်နှာမူပြီးထိုင်နေတဲ့ရှေ့မှာတွေ့ရပါတယ်။ ရခိုင်ရိုးမတောင်တန်းကြီးတွေပေါ်မှာ နေမင်းကြီးထွက်ပေါ်လာနေပါတယ်။ ဧရာဝတီမြစ်ကြီးကလည်း ငြင်သာတဲ့ရေစီးကြောင်းနဲ့အတူ မိန့်မိန့်ကြီး လောကရဲ့တာဝန် တွေကို ထမ်းဆောင်နေပါတယ်။ သစ်ပင်တွေကြားထဲမှာ သပ္ပာယ်

နေတဲ့ စေတီလေးတစ်ဆူကလည်း အမြင်အာရုံကိုပိုလို့တောင် လှပငြိမ်းချမ်းစေပါတယ်။

အဲ့ဒီလို သာယာ၊ လှပ၊ ငြိမ်းချမ်းသာယာတဲ့ ပတ်ဝန်းကျင်မှာ မျောနေတာဘယ်လောက်တောင် ကြာသွားလဲ မသိဘူး။ ရုတ်တရက်ချောက်ကပါးအောက်ကို ကြည့်လိုက်တဲ့အခါမှာ ကျောက်ဆောင်တွေ ကြားထဲမှာ တစ်စုံတစ်ခု လှုပ်လှုပ် လှုပ်လှုပ်ဖြစ်နေတာကို သတိထားမိလိုက်တယ်။ ရှင်မာကု (ပြည်) ဘုရားကျောင်းက ဧရာဝတီမြစ်ကမ်းနဘေး၊ ကျောက်ကမ်းပါးနံရံမှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သေသေချာချာ အောက်ကိုအာရုံစိုက်ကြည့်လိုက်တဲ့အခါမှာတွေ့ပါပြီ လူတစ်ယောက် စောင်အပိုင်းအစလေးကို မလုံမခြုံ ခြုံထားပြီး တုန်ရီနေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ပဲ ပြည်က လူငယ်တစ်ဦးကိုခေါ်ပြီး အောက်ကိုဆင်းသွားကြည့်လိုက်တယ်။ ဟုတ်ပါတယ်။ အမျိုးသမီး တစ်ဦး အရမ်းကိုအဖျားတက်ပြီး တုန်နေတာဖြစ်တယ်။ အမိုးအကာမရှိ၊ အကာအကွယ်မရှိ၊ အေးနေတဲ့ ကျောက်တုံးပေါ်မှာ အဖျားတက်နေတယ်။ ဒါနဲ့အပေါ်ပြန်တက်လာခဲ့ပြီး အဖျားကျဆေးတစ်ချို့၊ ရေနွေးပူပူ၊ စောင်နဲ့ ဆေးခန်းပြဖို့ ငွေအနည်းငယ်ရှာပြီး အောက်ကိုပြန်ဆင်းသွားတယ်။ ဟိုရောက်တော့အဲ့ဒီအမျိုးသမီးကိုဆေးတိုက်၊ စောင်ခြုံပေး၊ ဆုတောင်းပေး၊ ယူသွားတဲ့ငွေအနည်းငယ်ကို ပေးပြီး ဆေးခန်းပြနိုင်ဖို့စီမံပေးပြီး ဘုရားကျောင်းကို ပြန်တက်လာခဲ့တယ်။ တာဝန်ရှိ တဲ့အတိုင်း လူငယ်များကို ကျမ်းစာသင်ကြားခြင်းကို ဆက်လက်ပြုလုပ်ခဲ့တယ်။

ပြည်မှာရှိတဲ့ (ကျွန်တော်နဲ့အောက်ကို ဆင်းလိုက်ခဲ့တဲ့ ကိုရဲ)ကို မှာစရာရှိတာတွေမှာခဲ့ပြီး နောက်နေ့မှာ ရန်ကုန်ကိုပြန်လာခဲ့တယ်။ အဲ့ဒီအဖြစ်အပျက်ဟာ နှစ်ပေါင်းဘယ်လောက်ကြာညောင်း နေပါစေ အမြဲအမှတ်ရနေတဲ့ ဘုရားကပေးတဲ့သင်ခန်းစာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လောကရဲ့ သက်တောင့်သက်သာဖြစ်မှု၊ သာယာငြိမ့်ညောင်းမှု၊ ပျော်ရွှင်မှုများကြားမှာ များသောအားဖြင့် နစ်မွန်း နေကြပါတယ်။ လောကမှာနစ်မွန်းရင်းနဲ့ ကိုယ့်အနီးပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ ဘဝဒုက္ခပြသနာ တွေကို မေ့လျော့နေကြတယ်။ သို့တည်းမဟုတ် မမြင်ချင်ယောင်ဆောင်ကြတယ်။ သို့တည်းမဟုတ် မမြင်ပဲနေကြတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ ကြီးကြီးကျယ်ကျယ်စီမံကိန်းတွေ၊ အကြံအစည် တွေကို ဟိုးအဝေးမှာ အကောင်အထည်ဖော်ဖို့ စိတ်ကူးယဉ်ကြတယ်။ လုပ်ဆောင်ကြတယ်။ တစ်ခါ တစ်ရံ လေထဲမှာ တိုက်အိမ်ဆောက်လိုကြတယ်။ မမှီမကမ်းအလှမ်းဝေးတဲ့ ကိုယ်နဲ့မဆိုင်တဲ့အရာ တွေ၊ နေရာတွေမှာ အချိန်တွေကုန်၊ ငွေတွေကုန်ပြီး ခြေကုန်လက်ပမ်းကြတတ်ကြတယ်။ သာသနာ့ အမှုအတွက် အဝေးကိုလည်း စဉ်းစားရမယ်။ သို့သော်လည်း အဝေးကိုစဉ်းစားရင်း၊ အဝေး ကိုကြည့်ရင်းနဲ့ အနီးမှာရှိတဲ့အရာတွေကို မမြင်တော့ဘူး။ ကျွန်ုပ်တို့မျက်စိတွေ ကောင်းရဲ့လား။ အမြင်အာရုံတွေကောင်းရဲ့လား။ သင့်မျက်စိ အနီးမှုန်လား စဉ်းစားပါ။



# ဆေးခန်းထဲမှ ကောင်းကင်တမန်

လင်းထက်

ဒီဇင်ဘာညနေခင်းတစ်ခု။ ဆောင်းတွင်းထဲတွင် ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက် ခေါင်းငုံ့လျက်ထိုင်နေ၏။ ဤဆေးခန်းသည် မထင်မရှားသားဖျက်သောဆေးခန်းဖြစ်သည်။ ဤညတွင် သန္ဓေဖျက်ရန်စောင့်နေသော လူနာမှာ ၁၇ နှစ်အရွယ်ကျောင်းသူ စီစီလျာတစ်ဦးသာရှိသည်။ သူမသည် ထူထဲစွာဝတ်ထားသော အနွေးထည်အောက်မှ ဝမ်းဗိုက်ကိုလက်နှင့်ဖိကြည့်၏။ ဝမ်းဗိုက်ထဲမှ ရင်သွေးငယ်လှုပ်ရှားသည်ဟု ခံစားလိုက်ရသည်။ ဖြစ်နိုင်လျှင်ဤသန္ဓေသားကို မဖျက်ချလိုပါ။ သို့သော် ဤရင်သွေး၏ ဖခင် (သူမ၏ချစ်သူ)က ကလေးဖျက်ချရန် တောင်းဆိုကာ ဤဆေးခန်းသို့လာပို့ခဲ့၏။

စီစီလျာသည် မိမိအဖြစ်ကို တွေးမိကာ အလွန်ဝမ်းနည်းအားငယ်မိတော့သည်။ ကျလာသော မျက်ရည်စက်တို့အား ပုဝါဖြင့်သုတ်လျက် သန္ဓေဖျက်ချမည်ဖြစ်သည်။ ခွဲစိတ်ပေးမည့်သူမှာ ဆရာဝန်လား၊ ဆရာဝန်မလားမသိရချေ။ စီစီလျာသည် ခွဲစိတ်ခန်း စားပွဲပေါ်တွင် လှဲလျောင်းကာ မျက်နှာကျက်ပေါ်မှာ ပန်ကာကိုငေးကြည့်နေ၏။ သူမ၏ စိတ်အတွေးတို့သည်လည်း ပန်ကာနှင့်လည်ပတ်နေတော့ပြီ။

လူသားကိုဘုရားသခင်က သဏ္ဍာန်တော်နှင့် အညီဖန်ဆင်းကြောင်း သမ္မာကျမ်းစာ၌ သူမသင်ကြားခဲ့ဖူးသည်။ အမိဝမ်း၌ အလုံးအထွေးရှိနေစဥ်ကာလ၌ပင် သင့်ကိုငါသိ၏ဟု ဘုရားသခင်ဆိုခဲ့၏။ သန္ဓေသားငယ်၏နှလုံး၊ ကျောက်ကပ်တို့ကိုတစ်ဆင့်စီ အံ့ဖွယ်ဖန်တီးသော ဘုရားသည်လူသားတို့အား တုနှိုင်းမမှီသောမေတ္တာဖြင့် ချစ်ခင်တော်မူသည်ဟု ကျမ်းစာ၌ဖတ်ဖူး၏။ အကယ်၍ဤသန္ဓေသားကို ဖျက်ချခဲ့သော် အသက်မရှင်တော့သော ရင်သွေးငယ်အား ဘုရားသခင်ချစ်ပါဦးမည်လော။ ထိုမေးခွန်း၏ အဖြေကိုသူမ မသိချေ။ စီစီလျာသည်ချာချာလည်နေသော စိတ်အတွေးများကို မျက်စိမိတ်ထားကာ ဖယ်ရှားပြန်၏။ ညစး၄၅ အချိန်။ အခန်းထဲတွင် တိတ်ဆိတ်နေ၏။

စီစီလျာငယ်စဉ်က (မွေးနေ့ရက်တစ်ခုတွင်) အဖွား၏ ဆုတောင်းသံကို သတိရမိသည်။ "သမီးလေး စီစီလျာသည် တစ်နေ့တစ်ခြား အရပ်အမောင်း၊ ဉာဏ်ပညာတိုးပွားလျှက် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားနိုင်စေသောသူဖြစ်စေမူပါ"ဟု အဖွားဆုတောင်းပေးခဲ့သည် မဟုတ်လော။ ထိုစဉ်အခိုက် ခွဲစိတ်ခန်းထဲသို့ အမျိုးသမီးကြီးတစ်ဦးဝင်လာပါသည်။ ဂျူတီကုတ်အဖြူကို သပ်ရပ်စွာဝတ်ထားသည်။ ထိုအမျိုးသမီးကြီးသည် စီစီလျာ၏ပခုံးကို ပွေ့ဖက်လျက်"ထထ၊သမီးလေး။ ဒီကလေးကို သန္ဓေဖျက်မချရဘူး။ အခုချက်ချင်းထ မင်းရဲ့အဝတ်တွေကို အမြန်ဝတ်ပါ။" ဂျူတီကုတ် နှင့်မိန်းမသည် စီစီလျာအား ပိုင်းကူ၍ အဝတ်များအားဝတ်ဆင်ပေးကာ၊ ပစ္စည်းများကိုလည်း အိတ်တစ်လုံးထဲထည့်ပေး၏။ "လာလာ သမီးလေး၊ ခွဲစိတ်ခန်းထဲကထွက်ပါ။" စီစီလျာသည် သူမစေခိုင်းသည့်အတိုင်း အမြန်ပြုလုပ်၏။

ဆေးခန်းအပြင်ဘက်တွင် လမ်းမီးရောင်တို့ မှတ်ပါး၊ မည်းမှောင်တော့၏။ လမ်းပေါ်က တက္ကစီကားတစ်စီးကို ထိုမိန်းမက လှမ်းခေါ်ကာ၊ စီစီလျာကိုနောက်ခန်းထိုင်ခုံတွင် ထိုင်စေခိုင်း၏။ "ကားဆရာ ဒီသမီးပြောတဲ့လိပ်စာအတိုင်းပို့ပေးပါ။" ထိုသို့ကား ဆရာကို မှာကြားရင်း၊ စီစီလျာ၏လက်ထဲသို့ ငွေစက္ကူတစ်ရွက်ထည့်ပေး၏။ စီစီလျာသည် မလှုပ်မယှက်မင်သက်နေကာ အမျိုးသမီးကြီး၏ မျက်နှာကို မော့ကြည့်လိုက်၏။ အမျိုးသမီးကြီးအား မတွေ့ရတော့ချေ။ ပျောက်ကွယ်သွား၏။ စီစီလျာသည် လအနည်းငယ်အကြာတွင် ဆေးရုံတစ်ခု၌ သားငယ်သောမတ်စ်ကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သည်။

စီစီလျာသည် သူမဘဝ၏အံ့ဩဖွယ်ဖြစ်ရပ်ကို ပြန်ပြောင်းပြောပြသောအခါတိုင်း ဆရာဝန်ဂျူတီကုတ်အဖြူဝတ်ထားသောသူသည် ကောင်းကင်ပေါ်မှ ဘုရားသခင်စေလွှတ်လိုက်သော ကောင်းကင်တမန်တစ်ပါးသာဖြစ်သည်ဟု အခိုင်အမာဆိုပါ၏။

ဆေးခန်း၌ သန္ဓေဖျက်ချမခံရပဲ လူ့လောကထဲသို့ ရောက်လာသောသားငယ် သောမတ်စ် သည် မည်သူနည်း။

**သင့်ကို ဝမ်းထဲ၌**
**ငါမဖန်ဆင်းမှီ၊**
**သင့်ကို ငါသိပြီ။**
**မဖွားမှီကပင်**
**သင့်ကို သန့်ရှင်းစေ၍၊**
**လူအမျိုးမျိုးတို့**
**အဖို့**
**.......**
**အရာ၌**
**ငါခန့်ထားပြီ။**

စီစီလျာ၏သားငယ် သောမတ်စ်လေး သည် တစ်နေ့တစ်ခြား အရပ်အမောင်း၊ ဉာဏ်ပညာတိုးပွားလျှက် ချစ်စဖွယ်လူငယ်လေး တစ်ဦးဖြစ်လာခဲ့၏။ သောမတ်စ် သည် အသက် ၉ နှစ်အရွယ်တွင် မိခင်နှင့်အတူ မီနီဆိုးတားပြည်နယ်၊ စိန့်ပေါလ်မြို့ သို့ပြောင်းရွှေ့နေထိုင်ခဲ့၏။ သူသည် "အမေရိကန်ဘောလုံး" ကစားရခြင်းကို အလွန်နှစ်သက်စွဲလန်းခဲ့သည်။ သုံးနှစ်တာမျှ အမေရိကန် ဘောလုံးကစားနည်းကို အပြင်းအထန်လေ့

ကျင့်ခဲ့ရာ မီနီဆိုးတား တက္ကသိုလ်ဘောလုံးအသင်းတွင် ကျော်ကြားလာတော့၏။ ထိုမျှမက သောမတ်စ်သည် တစ်နှစ်တာ၏ အကောင်းဆုံး မီနီဆိုးတားဘောလုံးဆုကို ရရှိခဲ့သည်။ နောင်အခါတွင် အမေရိကန်ဘောလုံး အားကစားလောက၌ ထင်ရှားသော ''အီးဂဲလ်အသင်း''၊ ''ဗိုက်ကင်းအသင်း'' ကြီးများတွင် ထူးချွန်စွာပါဝင် ကစားခဲ့၏။

အမေရိကန်ဘောလုံးအားကစားလောက၌ ထင်ရှားခဲ့သူသောမတ်စ်တက်တပ်က ''ကျွန်တော့် ကိုလူ့လောကထဲသို့ ရဲဝံ့စွာမွေးဖွားပေးသော ကျွန်တော့်မိခင်ကိုကျေးဇူးတင်ပါတယ်။ အထူးသဖြင့် အမိဝမ်းထဲမှာ ကျွန်တော့် ကျောက်ကပ်၊ နလုံး၊ ခြေ၊ လက်တို့ကို အံ့ဖွယ်ဖန်ဆင်းပေးသော ဘုရားရှင်အား ကျေးဇူးတင်ပါတယ်'' ဟုရိုးရှင်းစွာဆိုလေ၏။

သင့်ကိုဝမ်းထဲ၌ငါမဖန်ဆင်းမှီ၊ သင့်ကိုငါသိပြီ။ မဖွားမှီကပင် သင့်ကိုသန့်ရှင်းစေ၍၊ လူအမျိုးမျိုးတို့အဖို့ (................)အရာ၌ ငါခန့်ထားပြီ။
(ယေရမိ ၁း၅ )

"Angle at am abortion clinic"
www. Global Christian Center. Com
ကို ဘာသာပြန်ဆိုသည်။

## ကလေးသီသြလော်ဂျီ

ဆန်းဒေးစကူးကလေး ။ ။ ဆရာမရေ လူတွေဘာကြောင့် နေမကောင်းဖြစ်ကြတာလဲဟင်။

ဆရာမ ။ ။ သြော်ကလေးရယ် တိုတွေကပြိုလဲကျဆုံးနေတဲ့ ကမ္ဘာကြီး (Broken World) မှာနေကြတယ်လေ။

ဆန်ဒေးစကူးကလေး ။ ။ ဒါများအလွယ်လေးဆရာမ။ သားအဖေက လက်သမားလေ။ သူမပြင်တတ်တာဘာမှမရှိဘူး။ သူ့ကိုသာပြိုနေတဲ့နေရာပြလိုက် အားလုံးအိုကေသွားမယ်။

နော်ဖား(ကွန်းချောင်း)




# ချီးမွမ်းကိုးကွယ်ခြင်း
## Praise and Worship

■ ဘုန်းတော်ကြီး စောမိုးဇက်ကစိုထော

**နိဒါန်း**

ယနေ့ခရစ်ယာန်အသင်းတော်များအကြားတွင် **Praise and Worship** ဟူသည့် "ချီးမွမ်းကိုးကွယ်ခြင်း" ဆိုသော စကားလုံးသည်အလွန်အသုံးများသော စကားလုံးဖြစ်ပါသည်။ ချီးမွမ်းကိုးကွယ်ခြင်းဆိုသည်မှာ ခရစ်ယာန်ဝတ်ပြုကိုးကွယ်ခြင်းများတွင် တီးဝိုင်းဖြင့် ဂုဏ်တော်ချီးမွမ်းသီဆိုခြင်းကို အသားပေးသော ဝတ်ပြုခြင်းပုံစံဖြစ်ပါသည်။ မြူးကြွခြင်း၊ လွတ်လပ်ခြင်း၊ ခံစားချက်နှင့် ထိတွေ့ခြင်း စသည့်အားသာချက်များကြောင့် ချီးမွမ်းကိုးကွယ်ခြင်းသည် လူငယ်များအကြိုက် တနည်းအားဖြင့် လူငယ်များနှင့် ထိတွေ့မှုရှိသော ဝတ်ပြုခြင်းပုံစံဖြစ်နေပါသည်။ အစဉ်အလာဝတ်ပြုခြင်းပုံစံနှင့် ဂုဏ်တော်ချီးမွမ်းခြင်းပုံစံများမှ ခွဲထွက်ခြင်းအပြင် ဓမ္မသဘောလေးနက်မှုမရှိသော ခေတ်ပေါ်ဓမ္မတေးအချို့ကြောင့် လူကြီးများအတွက်မူ ချီးမွမ်းကိုးကွယ်ခြင်းသည် လေးနက်မှုမရှိသော ဝတ်ပြုခြင်းပုံစံဖြစ်သည်။ ထိုသို့ ချီးမွမ်းကိုးကွယ်ခြင်း အပေါ်အမြင်ကွဲလွဲမှုများကြောင့် လူကြီးနှင့် လူငယ်အကြား အတူတကွဝတ်ပြုကိုးကွယ်နိုင်ရန် အခက်အခဲဖြစ်စေပြီး မိမိတို့၏ ဝိညာဉ်ရေးအသက်တာ တည်ဆောက်မှုကိုပင် ထိခိုက်စေပါသည်။ ထို့ကြောင့် ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ချီးမွမ်းကိုးကွယ်ခြင်းဆိုသည်မှာ ဂုဏ်တော်ချီးမွမ်းခြင်းအားဖြင့် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်ဆိုသော ဓမ္မသဘောကို သေချာစွာနားလည်ပြီး သဘောထားကွဲလွဲမှု မရှိဘဲ ဘုရားသခင်ကို အတူတကွဝတ်ပြုနိုင်ရန်ဖြစ်ပါသည်။

**031HCTC**

## ■ ချီးမွမ်းကိုးကွယ်ခြင်းသည် ၂၁ ရာစု၏တီထွင်ဆန်းသစ်ခြင်းမဟုတ်ပါ။

ချီးမွမ်းကိုးကွယ်ခြင်းကို ခရစ်ယာန်များစွာတို့သည် ၂၁ ရာစုမှထွက်ပေါ်လာသော ဝတ်ပြုခြင်းပုံစံဟု မြင်တတ်ကြပါသည်။ အမှန်စင်စစ် သီဆိုကျူးဧဂုဏ်တော်ချီးမွမ်းခြင်းအားဖြင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ပါက ချီးမွမ်းကိုးကွယ်ခြင်းသည် ခေတ်ပေါ်ဝတ်ပြုကိုးကွယ်ခြင်း ပုံစံမဟုတ်ကြောင်း သိရှိလာမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဓမ္မဟောင်းခေတ်ကာလတွင် ဂုဏ်တော်ချီးမွမ်းခြင်းအားဖြင့် ဝတ်ပြုကိုးကွယ်ခြင်းရှိခဲ့ကြောင်းကို ဆာလံသီချင်းများက သက်သေခံနေပါသည်။ ထို့အပြင် ဓမ္မသစ်အချိန်ကာလတွင်လည်း မယ်တော်မာရိသီချင်း၊ ဇာခရိ၏ သီချင်းများသည်လည်း ဘုရားသခင်ကို ဂုဏ်တော်ချီးမွမ်းသီကျူးခြင်းများပင်ဖြစ်ပါသည်။ ၄င်းအပြင် အသင်းတော်သမိုင်းတစ်လျှောက်တွင်လည်း ယုံကြည်သူများသည် ဂုဏ်တော်ချီးမွမ်းသီဆိုခဲ့ကြကြောင်းကို အသင်းတော်များ၏ ဓမ္မသီချင်းစာအုပ်များက သက်သေပင်ဖြစ်ပါသည်။ သို့ရာတွင် အချိန်ကာလတစ်ခုပြီးတစ်ခု ဂုဏ်တော်ချီးမွမ်းရာတွင် သုံးသောတူရိယာများ၊ သီဆိုသော **music** ပုံစံများ ကွဲပြားလာသည်ကိုမူ ဝန်ခံရပေမည်။ ဥပမာ- ဓမ္မဟောင်းအချိန်တွင် စောင်းနှင့်ပတ်သာတီးကာ ဂုဏ်တော်ချီးမွမ်းကြပါသည်။ အလယ်ရာစုမှစတင်ကာ ခရစ်ယာန်များသည် အော်ဂင်၊ စန္ဒယားတီးကာ သံစုံသီချင်းများဖြင့် သီဆိုချီးမွမ်းကြပါသည်။ ၂၀ ရာစုနှောင်း၊ ၂၁ ရာစုများတွင်မူ တီးဝိုင်းတူရိယာအစုံဖြင့် ဂုဏ်တော်ချီးမွမ်းသီဆိုကျူးဧကြပါသည်။ ထို့ကြောင့် ယုံကြည်သူများသည် ခေတ်အဆက်ဆက် မတူညီသောပုံစံများဖြင့် တူညီသောယုံကြည်မှုကို ကိုင်စွဲကာ တူညီသောဘုရားကို ဝတ်ပြုကိုးကွယ်ပြုခဲ့ကြကြောင်း သိရှိနားလည်နိုင်ပါသည်။

## ■ ချီးမွမ်းကိုးကွယ်ခြင်းသည် တစ်ခုတည်းသော ဝတ်ပြုကိုးကွယ်ခြင်းပုံစံမဟုတ်ပါ။

ခရစ်ယာန်များတို့သည် မိမိတို့ကြိုက်နှစ်သက်သည့် တူရိယာနှင့် သီချင်းပုံစံများကို အသုံးပြုကာ ဘုရားကို ဝတ်ပြုကိုးကွယ်သီဆိုကျူးဧကြသော်လည်း မိမိတို့၏ ကြိုက်နှစ်သက်သော ချီးမွမ်းကိုးကွယ်ခြင်းပုံစံသည် တစ်ခုတည်းသော(သို့မဟုတ်) အသင့်တော်ဆုံးသော ဝတ်ပြုကိုးကွယ်ခြင်းပုံစံမဟုတ်ကြောင်းကို လက်ခံရမည်ဖြစ်သည်။ ဥပမာအားဖြင့်- အာဖရိကလူမျိုးများကြိုက်နှစ်သက်သော သီချင်းပုံစံကို အာရှလူမျိုးများ နှစ်ခြိုက်မှုရှိချင်မှ ရှိပေမည်။ ထို့အပြင် လူကြီးများအတွက် ထိတွေ့ခံစားရသောဝတ်ပြုခြင်းပုံစံသည် လူငယ်များအတွက် ထိတွေ့မှုရှိသော သီချင်းပုံစံများ ဖြစ်ချင်မှဖြစ်ပေမည်။ ထို့ကြောင့် မိမိအကြိုက်နှင့်ကိုက်သည်ဖြစ်စေ မကိုက်သည်ဖြစ်စေ ထိုသဘောတရားသည် အမြဲရှိနေမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် မိမိတို့၏ခေတ်ပေါ်တေးသီချင်း **(contem-porary gospel music)** သည်သာ ဘုရားသခင်နှင့် ထိတွေ့ဖို့ အကောင်းဆုံးသော သီချင်းပုံစံဖြစ်သည်ဟု မယူဆသင့်ပါ။ ထိုနည်းတူ လူကြီးများသည်လည်း မိမိတို့ပိုထိတွေ့ခံစားရသော ဓမ္မသီချင်းကြီးများနှင့် သံစုံသီချင်းများ **(Hymns and choirs)** သည်သာလျှင် အမှန်ကန်ဆုံးသော၊ တစ်ခုတည်းသော ဘုရားသီချင်းဖြစ်သည်ဟု တရားသေ အစွဲမထားသင့်ပေ။ ထိုမတူညီခြင်း၏ သဘောတရားများကို နားလည်လက်ခံမှသာလျှင် မိမိတို့ဝိညာဉ်ရေးအသက်တာသည် ပို၍ရင့်ကျက်လာမည်ဖြစ်ပါသည်။

**032HCTC**

### ■ ချီးမွမ်းကိုးကွယ်ခြင်း**တွင် အရေးကြီးဆုံး သောအရာ**

ချီးမွမ်းကိုးကွယ်ရာတွင် အရေးကြီးဆုံးသောအရာမှာ သီချင်းပုံစံမဟုတ်၊ သီချင်း၏ ဓမ္မသဘောဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ချီးမွမ်းကိုးကွယ်ခြင်းပြုလုပ်ခြင်းပင်လျှင် ဘုရားကို ဝတ်ပြုကိုးကွယ်နေခြင်းဖြစ်ပါသည်။ ချီးမွမ်းဝတ်ပြုခြင်းသည် မိမိတို့ခံစားချက်ကို ဖြေဖျောက်ပေးနိုင်သောသီချင်းကို သီဆို၍ ခံစားချက်ကို ဖွင့်ထုတ်ခြင်းအားဖြင့် မွန်းကြပ်လှသောဘဝ၏ ထွက်ပေါက်တစ်ခုအဖြစ် လွဲမှားစွာမြင်တတ်ကြပါသည်။ ထိုသို့ခံယူမိပါက ချီးမွမ်းကိုးကွယ်ခြင်းသည် ဝတ်ပြုခြင်း **(worship)** မဟုတ်တော့ဘဲ ဖျော်ဖြေခြင်း **(entertainment)** ဖြစ်သွားနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ဘုရားအတွက် နေရာပျောက်ပြီး လူသားများအတွက်သာဖြစ်သွားနိုင်ပါသည်။ ထိုမျှမက ဘုရားကိုကိုးကွယ်ခြင်းမဟုတ်တော့ဘဲ သီချင်းကို ကိုးကွယ်ခြင်းဖြစ်သွားတတ်ပါသည်။ အမှန်စင်စစ် ချီးမွမ်းခြင်းသည် ဝတ်ပြုခြင်းဟု နားလည်သဘောပေါက်ရန်လိုပါသည်။ ချီးမွမ်းကိုးကွယ်ခြင်းတွင် အရေးကြီးဆုံးသောအရာ၊ အမှားမခံသောအရာမှာ ထိုသီချင်း၏ ဓမ္မသဘောပင်ဖြစ်ပါသည်။ ဒါ့ကြောင့်ပင် ယခင် ဓမ္မသီချင်းများရေးသားသောသူများသည် တေးဂီတအကြောင်းကို တတ်ကျွမ်းသော ဓမ္မပညာရှင် **(theologian)** များ၊ သင်းအုပ်များ(**pastor**)၊ ဘုရားတရားကိုင်းရှိုင်းသော ခရစ်ယာန်ယုံကြည်သူများဖြစ်ပါသည်။ သူတို့၏သီချင်းများသည် လူသား၏တွေးခေါ်ရေးဖွဲ့နိုင်မှုမှ ထွက်ပေါ်လာခြင်းမဟုတ်ဘဲ သူတို့၏ဘုရားသခင်ကိုသိကျွမ်းခြင်းနှင့် ဒူးထောက်ဆုတောင်းခြင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ တနည်းအားဖြင့် သူတို့ရေးဖွဲ့သောဓမ္မတေးသီချင်းများသည် ဘုရားသခင်ထံတော်မှလာသော၊ သန့်ရှင်းသောဝိညာဉ်တော်ဖွင့်ပြသော ဓမ္မသီချင်းများဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ထိုဓမ္မသီချင်းများသည် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ရိုးအီသွားခြင်း၊ ပျောက်ကွယ်သွားခြင်း မရှိဘဲ ယနေ့ထိတိုင် ယုံကြည်သူခရစ်ယာန်များကို ဝိညာဉ်ခွန်အားပေးနေဆဲဖြစ်ပါသည်။ ယနေ့ခေတ်ပေါ်သီချင်းအများစုမှာ ကြာကြာမခံဘဲ ပျောက်ကွယ်သွားသည်ကို သတိထားမိပါသည်။ ၄င်းအပြင် ဓမ္မသဘောမပါသော သီချင်းများပင်ရှိနေပေသည်။ ဥပမာ- ခရစ်ယာန်အများကြိုက်ကာ ခရစ္စမတ်အချိန်တွင် သီဆိုလေ့ရှိသော ဒီဇင်ဘာအလွမ်း (သို့မဟုတ်) အိမ်အပြန်ချင်ဆုံးသီချင်းသည် ဓမ္မသဘော၊ ဝိညာဉ်သဘောလုံးဝမပါသော အိမ်အလွမ်းသီချင်းဖြစ်ပါသည်။ ထို့အပြင် မယုံကြည်သူများကို ခရစ်ယာန်သီချင်းများကို သီဆိုစေကာ ခရစ်ယာန်များအတွက် သီချင်းခွေထုတ်သောကာလပင် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များတွင်ရှိခဲ့ပါသည်။ ထိုသီချင်းများ၏ သဘောသဘာဝမှာ ဘုရားကို ရင်းနှီးသိကျွမ်းသောသူထက် ဂီတပညာ၊ တေးသီချင်းရေးသားခြင်းအတတ်ပညာကို တတ်ကျွမ်းသောသူများ ရေးသည်မှာများပါသည်။ တနည်းအားဖြင့် ထိုသီချင်းများသည် ဘုရားသခင်ထံတော်မှ လာခြင်းမဟုတ် ဂီတပညာရှင်၏ဉာဏ် ကွန့်မြူးခြင်းကလာခြင်းဖြစ်သောကြောင့် ဓမ္မသဘောမခိုင် (သို့မဟုတ်) မပါခြင်းဖြစ်ပါသည်။ ဤအချက်များကို သတိပြုမိပါက ချီးမွမ်းကိုးကွယ်ခြင်း သီချင်းရွေးရာတွင် သီချင်း၏ဓမ္မသည် အလွန်အရေးကြီးကြောင်းသိမည်ဖြစ်ပါသည်။

## ■ ဝတ်ပြုချီးမွမ်းခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းတစ်ခုလုံးမဟုတ်ပါ။

ချီးမွမ်းကိုးကွယ်ခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းတစ်ခုလုံးမဟုတ်၊ ဝတ်ပြုခြင်း၏ အစိတ်အပိုင်း တစ်ခုသာဖြစ်ပါသည်။ ချီးမွမ်းကိုးကွယ်ခြင်းကို ဝတ်ပြုခြင်းတစ်ခုလုံးဟုမြင်သောသူများသည် သီဆို ကျူးဧချိန်တွင်သာ ဘုရားကို ကိုးကွယ်ခြင်းအစစ်အမှန်ဟုမြင်ကာ အခြားသောဝတ်ပြုကိုးကွယ်ခြင်း အစိတ်အပိုင်းများကို အလေးမထားတတ်ခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်ဝတ်ပြုကိုးကွယ်ခြင်းတွင် ကျေးဇူးတော်ချီးမွမ်းခြင်း၊ အပြစ်ဝန်ချခြင်း၊ ဆုတောင်းပဌနာပြုခြင်း၊ ယုံကြည်ချက်ဝန်ခံခြင်း၊ ကျမ်းစာဖတ်တရားနာခြင်း စသည်ဖြင့် အစိတ်အပိုင်းများစွာ ပါဝင်ပါသည်။ သမ္မာကျမ်းစာထဲတွင်လည်း ချီးမွမ်းကခုန်သော အချိန်ရှိသကဲ့သို့ ဒူးထောက်ပျပ်ဝပ်သော အချိန်လည်းရှိပါကြောင်းကို ပြန်လည် ဆင်ခြင်ဖို့လိုအပ်ပါသည်။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရာတွင် သီဆိုချီးမွမ်းခြင်းတစ်ခုကိုသာ အာရုံစိုက်မိပါက အရေးကြီးသော ဝတ်ပြုခြင်း အစိတ်အပိုင်းများကို လျစ်လျူရှုကာ ဘက်မညီသော ဝိညာဉ်ရေးအသက်တာဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် သမာသမတ်ကျသော ဝိညာဉ်ရေးဖြစ်ဖို့ ချီးမွမ်းကိုးကွယ်ခြင်း သည်ဝတ်ပြုခြင်းတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ကြောင်း နားလည်ရန် လိုအပ်ပါသည်။

**နိဂုံး**

အချုပ်ဆိုရသော် ယနေ့ခရစ်ယာန်များအနေဖြင့် ချီးမွမ်းကိုးကွယ်ခြင်း သည် ၂၀ ရာစု နှင့် ၂၁ ရာစုမှ ပေါ်ထွက်လာသောအရာမဟုတ်ဘဲ သမ္မာကျမ်းစာထဲတွင်သော်လည်းကောင်း၊ အသင်းတော် သမိုင်းတစ်လျှောက်တွင် သော်လည်းကောင်း ယနေ့ခေတ်တွင်သော်လည်းကောင်း ခရစ်ယာန်များတို့သည် တူရိယာအမျိုးမျိုး၊ တီးခတ်လျက်သီဆိုလျက် သီချင်းပုံစံအမျိုးမျိုးဖြင့် ဘုရားသခင်အားဝတ်ပြုကိုးကွယ် ချီးမွမ်းခဲ့ကြကြောင်း သိစေလိုပါသည်။ ၄င်းအပြင် မိမိကြိုက်နှစ်သက်သော ချီးမွမ်းကိုးကွယ်ခြင်းပုံစံသည် ခရစ်ယာန်ဝတ်ပြုခြင်းတွင် တစ်ခုတည်းသော (သို့မဟုတ်) အမှန်ကန်ဆုံးသော ဝတ်ပြုခြင်းပုံစံမဟုတ်ကြောင်း နားလည်ရပါမည်။ ထိုမျှမက မိမိသီဆိုသော ချီးမွမ်းကိုးကွယ်ခြင်း သီချင်း၏ ဓမ္မသဘောသည် အလွန်အရေးကြီးကြောင်း သဘောပေါက်ရန်လိုပါသည်။ နောက်ဆုံးအနေဖြင့် သီဆိုချီးမွမ်းခြင်းသည် ခရစ်ယာန်ဝတ်ပြုကိုးကွယ်းခြင်း၏ အစိတ်အပိုင်း တစ်ခုသာဖြစ်ကြောင်း သိရန်လိုပါသည်။ ထိုသို့ နားလည်သဘောပေါက်မှသာလျှင် မိမိ၏ ချီးမွမ်းကိုးကွယ်ခြင်းသည် ထိမိ၍လဲစရာမဖြစ်ဘဲ ရှင်သောပူဇော်သက္ကာဖြစ်ကာ အခြားသောယုံကြည်သူများနှင့်အတူတူ ဘုရားသခင်အားဝတ်ပြုကိုးကွယ်နိုင်ကာ မိမိ၏ဝိညာဉ်ရေးအသက်တာကို မှန်ကန်စွာတည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ■



# History of The Holy Cross Theological College

■ Teacher Maureen
Holy Trinity Cathedral, Yangon

**Introduction**

The Holy Cross Theological College (HCTC) had a very humble beginning. Before the HCTC came to the present premises, it had no permanent residence and no full time missionary in charge but through God's Grace and the many efforts put in by the Yangon Diocesan Council, over the years it eventually got a permanent place in the compound of the Holy Cross Church, in 1934.

| Month / Year | Events |
|---|---|
| 1883 | The first Bible School was opened in St. Michael's Compound by Revd. Miller Steancher |
| 1916 | Due to the expansion of the Kyimindaing Blind Mission and Delta Mission Work, the Yangon Bishop Rt.Revd. R.S. Fyffe moved the school to the Mandalay Diocese and opened the school there. |
| 1918 | Moved to Myintha |

| Month / Year | Events |
|---|---|
| 1920 | Back to Mandalay Diocese |
| 1924 | Re-opened at St. Michael's Church Compound Kyimindaing |
| 1929 | Decision made at the Diocesan Council that whatever the cost, the Divinity School should be established as a separate Institution. The school would have its own building, Principal, administrative body and efficient teaching staffs to upgrade the school. The Principal was Revd. A.Dilworth. |
| 1931 | Moved from Kyimindaing to Kokine during the time of Bishop Norman Tuts. The Principal was Revd. Atwoo and two priests, Revd. Peter Khin Maung and Revd. John Hla Kyaw both with B.D, were appointed full time instructors. |
| 1934 | Decided to build a permanent Divinity School in the compound of the Holy Cross Church. |
| Feb,24th 1934 | The foundation stone of this new college was laid on February 24th, 1934, by the Most Revd. Foss Wescock, Metropolitan Bishop of India, Burma and Ceylon. |
| 27th Feb, 1935 | Bishop West consecrated the building on 27th Feb 1935. From that time, it was called the College of the Holy Cross. The first Principal was Revd. George Appleton. |
| 1936 | Towards the end of 1936, Revd. George Appleton took dual charge of the church and college. |
| 1942-45 | Due to Japanese occupation of Myanmar, the college was closed. |
| 1948-50 | Revd. G. Alfinedear was the Principal and the Assistant Principal was Revd. John Maung Pe. During that time, the college produced only 5 priests. |
| 1951-55 | The college had to be closed temporarily due to unrest in the country. |
| 1956 | The college re-opened under Revd. Garret with 13 students. |
| 1955 | When Bishop Victor Shearbun became Bishop of Yangon, the first National Principal was Revd. John Maung Pe. From that time it was called the Holy Cross Divinity School. |
| 1966-1978 | Principal Revd. S. San Hoo. |

| Month / Year | Events |
|---|---|
| 1970 | The Yangon Diocese separated from the Metropolitan and became its own Province, with four separate Dioceses. Thus HCTC became the only college in the Province of Myanmar. |
| 1984 | A Ten-Year Plan was draw up to upgrade the College so that it could confer degrees. |
| 1989 | At the Provincial Council Meeting held in Toungoo, it was decided to upgrade the proficiency of the staff. |
| 1991 | When Revd. San Si Htay was appointed Assistant Bishop of Yangon, this vacancy was filled by Revd. John Wilme. |
| 1993 | When Rev: Wilme became Bishop of Toungoo, Revd. S. Htang Oak became the Principal. |
| 1998 | When Revd.Htang Oak was transferred as Vicar of the Holy Trinity Cathedral, Revd. Mark Maung Doe became the Principal, till 2006. |
| 1999 | After HCTC became a member of Association for Theological Education of South East Asia, (ATESEA) the board recognized the Theological Degree conferred on the students. |
| 2006 | Revd. Dr. Simon Be Bin Htu became Principal. |
| 2009 | The Celebration of the Diamond Jubilee of HCTC. After that a Ten Year Plan was drawn up to open Post Graduate Courses. |
| 2010-1019 | Revd. Dr. San Myat Shwe became Principal of the college. |
| 2019 | Principal Revd. Dr. Paul Myint Htet. ■ |



# တပည့်တော်များအမှုတော်ဆောင်ခြင်း

■ ဘုန်းတော်ကြီး အိုက်နေ့ာကာ

၁။ နိဒါန်း

အသင်းအဖွဲ့တစ်ခု တိုးတက်ခြင်း၊ အောင်မြင်ခြင်းသည် ခေါင်းဆောင်တစ်ဦးတည်းအပေါ်၌သာ ဥသုံမှုတည်ခြင်းမဟုတ်ဘဲ ထိုအသင်းအဖွဲ့အတွင်းရှိ နောက်လိုက်များ/လုပ်ဖော်ဆောင်ဘက်များ တို့အပေါ်၌လည်း မူတည်နေပါသည်။ ထိုနည်းတူ အသင်းတော်တစ်ပါး ရှင်သန်တိုးတက်ခြင်း၊ နိုးကြားခြင်း၊ အောင်မြင်ခြင်းတို့သည်လည်း ဘုန်းတော်ကြီးတစ်ပါးတည်းအပေါ်၌ မမူတည်ဘဲ အသင်းတော်အတွင်းရှိ အသင်းသူ/သားအပေါ်၌လည်း မူတည်နေသည်ကို တွေ့ရပါသည်။ ထို့ ကြောင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်သည် တပည့်တော်များ၏ တာဝန်ဝတ္တရားများ အရေးကြီးကြောင်းကို အင်္ဂလီကန်ယုံကြည်ကျင့်သုံးမှု၊ ဆုတောင်းစာအုပ်၊ အခြေခံစည်းမျဉ်းဥပဒေ၊ ဓမ္မဥပဒေနှင့် နည်းဥပဒေများတို့၌ အတိအလင်းဖော်ပြထားပါသည်။

က။ အခြေခံစည်းမျဉ်းဥပဒေ၊ ဓမ္မဥပဒေနှင့်နည်းဥပဒေများစာအုပ်၊ အခြေခံကြော်ငြာချက်နံပါတ် (၄)

- အသင်းတော်တွင် တပည့်တော်တို့သည် တာဝန်ရှိသောအပိုင်း၌ ပါဝင်ဝတ်ပြုကိုးကွယ်ခြင်း မပြုပါက အသင်းတော်၏ ကိုးကွယ်ဝတ်ပြုခြင်းမပြည့်စုံချေ။

- အသင်းတော်လုပ်ငန်းမှာ သံဃာဆရာများနှင့်သာပြီးသည်မဟုတ်၊ အသင်းတော်သည် စုံလင်သောအသင်းအဖွဲ့ဖြစ်လိုသော်၊ တပည့်တော်များလည်းပါဝင်ဆောင်ရွက်ရမည်။ တပည့်တော်တို့သည်

အချိန်၊ အရည်အချင်းနှင့် ပစ္စည်းဥစ္စာစောင့်ရှောက်ထိန်းသိမ်းမှု၌ ခေါင်းဆောင်ရမည်။ ယုံကြည်မှု၊ ကျင့်သုံးမှုနှင့် အသင်းတော်ကို စီမံခန့်ခွဲမှုများသည် အသင်းသားများ၏ တာဝန်ဖြစ်သည်။ အသင်းသားများသည် သဘောဆန္ဒပေးရုံသာမက ပြည့်ပြည့်စုံစုံနားလည်လျက် တာဝန်သိသိနှင့် လက်ခံကျင့်သုံးရမည်။

- လူ့အဖွဲ့အစည်းတွင် အသင်းတော်စစ်မှန်ခြင်းကို မြင်သိရန်သည်မှာ တပည့်တော်များအားဖြင့် ဖြစ်သည်။ အသင်းတော်၌အပါအဝင်ဖြစ်ကြရခြင်းကိုသာမက လောကအလယ်တွင် ဒိဋ္ဌဓမ္မ မျက်မြင်ဖြစ်သောအသင်းတော်သည် တပည့်တော်ပင်ဖြစ်ကြောင်းသိရမည်။ တပည့်တော်များတို့၏ မိမိနေ့စဉ်အပြောအဆိုအပြုအမူတို့သည် ဝမ်းမြောက်ဘွယ်ရာတရားကို သက်သေခံခြင်း၌ အရေးကြီးကြောင်းသိလာလိမ့်မည်။ အိမ်တွင်လည်းကောင်း၊ အပေါင်းအသင်းများအတွက်လည်းကောင်း၊ အလုပ်အကိုင်တွင်လည်းကောင်း၊ ခရစ်ယာန်ယုံကြည်ခြင်းကို နေ့စဉ်ဖော်ထုတ်ပြသခြင်းဖြင့် တပည့်တော်တို့သည် အခြားသူများအပေါ် မေတ္တာတရား၊ ကြင်နာခြင်း၊ ငြိမ်သက်ခြင်း၊ ရိုးသားခြင်းနှင့် လူလူချင်း တရားမျှတမှုများဖြစ်သော ခရစ်ယာန်တို့၏ ကောင်းသော သဘောတရားကို ဖြန့်ဖြူးခြင်းမည်ပေသည်။

ခ။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၏ကျင့်စဉ် (၁၀) ချက်သည်လည်း အသင်းသူ/ သားများအနေဖြင့် 'ဝိညာဉ်ရေးကို မိမိတို့ကိုယ်တိုင်တည်ဆောက်ရမည့်အကြောင်း (၁-၅)' နှင့် 'အသင်းတော်၏လုပ်ငန်းနှင့် သက်သေခံခြင်း၌ ပြည့်ဝစွာ ပါဝင်လုပ်ဆောင်ရမည့်အကြောင်း (၆-၁၀)' တို့ကို ဖော်ပြထားသည်။

သို့သော် ယနေ့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၌ အသင်းသူ/သားများ၏ ပါဝင်မှု၊ အမှုတော်ဆောင်ခြင်းတို့မှာ အားနည်းနေသေးကြောင်းကို သိသာထင်ရှားစွာတွေ့ရပါသည်။ တပည့်တော်အများစုသည် ပွဲကြည့်ပရိသတ်များကဲ့သို့သာဖြစ်နေကြသည်ကို တွေ့ရသည်။ အသင်းသူ/သားများ၏ အသင်းတော်၌ပါဝင်မှုအားနည်းနေရသည့် အကြောင်းအရင်းများစွာထဲမှ သိသာထင်ရှားသော အချို့သောအကြောင်းရင်းတို့မှာ-

၁။ အသင်းတော်တွင် ဘုန်းကြီးတစ်ပါးတည်းမှ ဦးစီးထားလိုခြင်း သို့မဟုတ် အခွင့်အာဏာခွဲဝေမှုမပြုလိုခြင်း သို့မဟုတ် အသင်းသူ/သားများ၏ ပါဝင်မှုလိုအပ်ခြင်းကို ဘုန်းတော်ကြီးကိုယ်တိုင်မှ မသိနားမလည်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

၂။ အသင်းသူ/သားများ မသိနားမလည်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အသင်းတော်လုပ်ငန်းလုပ်ဆောင်ခြင်း၊ ဧဝံဂေလိတရားဟောကြားခြင်း၊ သင်ကြားခြင်း၊ နှစ်သိမ့်အားပေးခြင်းစသည်တို့ကို ကျမ်းစာကျောင်း၊ ဓမ္မတက္ကသိုလ်များ၌ ဓမ္မပညာဆည်းပူးလေ့လာခဲ့သူများ(သိက္ခာတော်ရသူ)နှင့်သာ သက်ဆိုင်ကြောင်း လွဲမှားစွာခံယူထား၍ဖြစ်သည်။ ထို့ကြောင့် ဘုန်းတော်ကြီးမှတပည့်တော်များအား အသင်းတော်အလုပ်ကို ပို၍လုပ်လာကြရန်ပြောသည့်အခါ အသင်းသားများမှ ဘုန်းတော်ကြီးများ 'ပျင်းရိ၍ သူတို့အလုပ်ကို မိမိတို့အားလုပ်ခိုင်းသည်' (သို့) 'မိမိတို့အလုပ်မဟုတ်' ဟုလွဲမှားစွာခံ ယူမိတတ်ကြသည်။ အမှန်စင်စစ် ၄င်းသည် ဘုရားပေးသောဆုကျေးဇူးဖြင့် ဘုရားအပ်နှင်းသည့် တာဝန်ကို ထမ်းဆောင်ရန်ပျက်ကွက်ခြင်းသာဖြစ်သည်။ အစ်ကိုကြီးအရိုက်အရာကို အလွယ်တကူ စွန့်လွှတ်တတ်သော၊ လျစ်လျူရှုတတ်သောဧသောကဲ့သို့သာ ဖြစ်ပေသည်။

ထို့ကြောင့် ဤစာတမ်းငယ်သည် တပည့်တော်များ၏ပါဝင်အမှုတော်ဆောင်ခြင်းအခန်းကဏ္ဍမှာ အသင်းတော်ရှင်သန်ကြီးထွားခြင်းအတွက် မည်မျှအရေးပါလိုအပ်ကြောင်းသိရှိရန်၊ ယုံကြည်သူ တိုင်း အမှုတော်ဆောင်ဖြစ်ခြင်းကို သိရှိရန်နှင့် တပည့်တော်များ အသင်းတော်၌ ပူးပေါင်းလုပ်ဆောင်တတ်ရန် ရည်ရွယ်ပါသည်။

## ၂။ အသင်းတော်ရှင်သန်ကြီးထွားခြင်းအတွက် အသင်းသူ/သားများ၏ပါဝင်မှုလိုအပ်ခြင်း။

ယနေ့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အများစု၏ ရုပ်သွင်ပြင်မှာ ဘောလုံးပွဲနှင့်အလားသဏ္ဍာန်တူနေပါသည်။ ဘောလုံးပွဲတစ်ခု၌ တစ်ဘက်လျှင် (၁၁) ဦးစီဖြင့် စုစုပေါင်း (၂၂) ဦးသာရှိသော်လည်း ထို (၂၂) ဦး၏ပြေးလွှားလှုပ်ရှားအားထုတ်နေခြင်းကို ထိုင်ရာကမထ ကြည့်ရှုသူပရိသတ်များမှာမူ ထောင်ပေါင်းများစွာ ရှိပါသည်။ အသင်းတော်အတွက် လူတစ်စုမှသာ ပင်ပန်းစွာဖြင့် အားထုတ်လုပ်ဆောင်နေသော်လည်း များပြားစွာသော အသင်းသူ/သားများမှာ ပရိသတ်မျှသာဖြစ်နေပါက ထိုအသင်းတော်ကြီးထွားအောင်မြင်ရန်မှာ အလွန်ပင်ခက်ခဲမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီး၊ အချိန်ပြည့်အမှုတော်ဆောင်တို့သည် အသင်းတော်၏အမှုအရာကို သူတို့ချည်းသက်သက်ဖြင့် မလုပ်ဆောင်နိုင်ပေ။ ထို့ကြောင့် အသင်းတော်ရှင်သန်ကြီးထွားခြင်းအတွက် အသင်းသူ/သားများ၏ ပါဝင်မှု၊ အတူတကွ ပူပေါင်းအမှုတော်ဆောင်ခြင်းမှာ အမှန်ပင် အရေးကြီးသောအချက်ဖြစ်သည်။

သမ္မာကျမ်းစာမှ ပထမဆုံးပုံဥပမာတစ်ခုမှာ 'ထွက် ၁၇း၉-၁၆' တွင်တွေ့ရှိရသည့်မောရှေ၏ ပုံနမူနာ ဖြစ်ပါသည်။ ဣသရေလလူမျိုးများနှင့် အာမလတ်လူမျိုးများစစ်တိုက်ရာ မောရှေသည် လက်နှစ်ဖက်ကိုမြှောက်၍ ဘုရားသခင်ထံတိုင်တည်သောအခါ ဣသရေလလူမျိုးများသည် အာမလတ်လူမျိုးများအား ထိုးစစ်ဆင်အောင်မြင်ပြီး မောရှေလက်ညောင်း၍ လက်နှစ်ဖက်ချသောအခါ၌မူ အာမလတ်လူမျိုးများအနိုင်ရပြန်သည်။ ထို့ကြောင့် ဣသရေလလူများ စစ်အောင်နိုင်ရေးအတွက် မောရှေ၏လက် နှစ်ဖက်ကို အာရုန်နှင့်ဟုရတို့မှ တစ်ယောက်တစ်ဖက်စီနေပြီး ချီမထားရကြောင်း ဖော်ပြထားသည်။ (ထွက် ၁၇း၁၂)

ယနေ့အသင်းတော်အတွင်း အောင်မြင်ကြီးထွားမှုသည်လည်း ဤအကြောင်းအရာနှင့်အလွန်ပင်ဆင်တူပါသည်။ မောရှေကဲ့သို့ပင် အသင်းတော်ကိုကြည့်ရှုရသည့်အချိန်ပြည့်အမှုတော်ဆောင်သိုးထိန်းတို့သည်လည်း ပင်ပန်းခြင်း၊ အားနည်းခြင်းများစွာရှိနိုင်ပါသည်။ အသင်းတော်၏သိုးထိန်းများ ပင်ပန်းခြင်း၊ အားနည်းခြင်းများနှင့် မပြည့်စုံခြင်းများလည်းရှိလာပါက အထောက်အမပြုရန်အတွက် အသင်းသူ/သားများတို့၏ ဖေးမပိုင်းဝန်းမှု လိုအပ်ပါသည်။ အတူတကွ လက်တွဲအမှုတော်ဆောင်ခြင်းလိုအပ်ပါသည်။

ယနေ့အသင်း တော်တွင် ဘုန်းတော်ကြီးများအနေဖြင့် သာမန်တပည့်တော်များအား ဆိုင်ရာတာဝန်ခွဲဝေအပ်နှင်းပေးရန်လိုသကဲ့သို့ အသင်းသူ/သားများအနေဖြင့်လည်း အသင်းတော်၌ ဆိုင်ရာတာဝန်ခွဲယူကာ အတူတကွပူးပေါင်း လုပ်ဆောင်သင့်ကြောင်းကို ထွက် ၁၈ တွင် တွေ့ရှိနိုင်သည်။

**၃။ ယုံကြည်သူတိုင်းအမှုတော်ဆောင်ဖြစ်ခြင်း** (Priesthood of all believers)

အမှုတော်ဆောင်ဟုဆိုရာတွင် ဘုန်းတော်ကြီးများနှင့်သာ သက်ဆိုင်သည်မဟုတ်၊ ယုံကြည်သူခရစ်ယာန်တိုင်းသည်လည်း အမှုတော်ဆောင်များဖြစ်ကြသည်။ ထို့ကြောင့် တမန်တော် ရှင်ပေတရုသည် 'ယုံကြည်သူတိုင်း အမှုတော်ဆောင်(သို့)ယဇ်ပရောဟိတ်ဖြစ်သည် (၁ပေ ၂း၉)' ဟုဖော်ပြထားသည်။ ဓမ္မဟောင်းအချိန်ကာလတွင် ယဇ်ပုရောဟိတ်ဟူသည် လူသားများ ကိုယ်စား (ကြားခံအနေဖြင့်) ဘုရားသခင်ထံ ယဇ်ပူဇော်ပေးသူ၊ ဘာသာရေးအခမ်းအနားများကို ပြုလုပ်ပေးသူအဖြစ်ဖော်ပြထားသည်။ ဓမ္မသစ်အချိန်ကာလတွင်မူ ယဇ်ပုရောဟိတ်ဟူသည် ယုံကြည်သူတိုင်းကို ရည်ညွှန်းဆိုလိုခြင်းဖြစ်ကြောင်း ဖော်ပြထားသည်(၁ပေ ၂း၉)။

အမှန်စင်စစ် ဓမ္မဟောင်းအချိန်ကတည်းကပင် လူသားတိုင်းသည် ကြားခံ**(Mediator)**မပါဘဲ ယဇ်ပုရောဟိတ်များအဖြစ် ယဇ်ပုရောဟိတ်လုပ်ငန်းများကို လုပ်ခဲ့ကြသည်ကိုတွေ့ရသည် (ဥပမာ။ -နောဧ-ကမ္ဘာ ၈း၂၀၊ ကာဏ္ဏာနှင့်အာဗေလ-ကမ္ဘာ ၄း၃-၅၊ အာဗြဟံ-ကမ္ဘာ ၁၂း၆-၇)။ ဘုရားသခင် ကိုယ်တော်တိုင်မှလည်း ဣသရေလလူမျိုးများကို မင်းစည်းစိမ်ရှိသောယဇ်ပရောဟိတ် အမျိုးဖြစ်ရန် မိန့်တော်မူခဲ့သည်၊ အခွင့်အရေးပေးခဲ့သည် (ထွက် ၁၉း၆)။ သို့သော်လည်း ဣသရေလလူမျိုးတို့သည် ဘုရားသခင်ပေးသနားသောအခွင့်အရေးကို လျစ်လျူရှု၍ နာခံရန်ပျက်ကွက်ခဲ့သည်။ ထိုအခါ ဘုရားသခင်သည် 'အသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်သောယဇ် ပုရောဟိတ်**(Professional priesthood)**'အဖြစ် သီးသန့်ထားရှိရန် မောရှေကိုညွှန်ကြားခဲ့သည်။ ယဇ်ပုရောဟိတ်များအဖြစ် အာရုန်အနွယ်နှင့်လေဝိအနွယ်တို့ကို ဘုရားသခင်ကိုယ်တော်တိုင် ရွေးချယ်တော်မူခဲ့သည်။ ထို့ကြောင့် ထိုအချိန်ကာလတွင် ယဇ်ပုရောဟိတ်မှလွဲ၍ မည်သူမျှ တိုက်ရိုက် ဘုရားသခင်ထံယဇ်ပူဇော်ခြင်းကို ပြု၍မရတော့ပေ။ တနည်းဆိုသော် ယဇ်ပုရောဟိတ်အားဖြင့်သာ ဘုရားသခင်ထံယဇ်ပူဇော်ရမည်၊ တိုးဝင်ချဉ်းကပ်ရသည်၊ ဆက်သွယ်ရသည်။

သို့သော်လည်း သခင်ခရစ်တော်ကားတိုင်ပေါ်၌ အသေခံတော်မူခြင်းကြောင့် ကျွန်တော်တို့သည် ကြားခံတစ်ခုတစ်ဦးမလိုတော့ဘဲ၊ မိမိတို့ကိုယ်တိုင်ဘုရားသခင်ထံ တိုက်ရိုက်ဆက်သွယ်နိုင်လာ သည်(မဿဲ ၂၇း၅၁)။ အကြောင်းမှာ သခင်ခရစ်တော်သည် အမြင့်မြတ်ဆုံးသော ယဇ်မပုရောဟိတ်ဖြစ်သည်။ ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်ခြင်းသည် ဓမ္မဟောင်း၌ဖော်ပြသကဲ့သို့ အာရုန်နှင့်လေဝိအနွယ်တို့မှမဟုတ်ပေ။ ခရစ်တော်သည် လူသားအားလုံးအတွက် မိမိကိုယ်ကိုတစ်ကြိမ်တည်းဖြင့် ပြည့်ဝစုံလင်သောပူဇော်သက္ကာကို ပူဇော်ပေးခဲ့သည်။ ထို့ကြောင့် ယနေ့ယုံကြည်သူအားလုံသည် သခင်–ခရစ်တော်ကြောင့် ယဇ်ပုရောဟိတ်များ(သို့)အမှုတော်ဆောင်များ ဖြစ်ကြသည်။

ထို့ပြင် ဘုရားသခင်သည် ကျွန်ုပ်တို့လူသားတိုင်းကို မတူကွဲပြားသောဆုကျေးဇူးအသီးသီးကို ပေးထားတော်မူပါသည်(ရောမ ၁၂း၆–၈၊ ၁ကော ၁၂း၁–၁၁)။ ထို့ကြောင့် ကျွန်ုပ်တို့တစ်ဦးစီတိုင်းသည် ဘုရားပေးထားသောထိုဆုကျေးဇူးများကို အသုံးပြု၍အမှုတော်ဆောင်ရန် ခေါ်ယူတော်မူခြင်းခံရသော အမှုတော်ဆောင်များဖြစ်ကြသည် (မဿဲ ၂၅း၁၄–၃၀)။ လုပ်ငန်းတာဝန်အားဖြင့်သာ သင်းအုပ်၊ သင်းထောက်၊ အသင်းသားစသည်ဖြင့် ကွဲပြားခြင်းဖြစ်သည်(ဖေက် ၄း၁၁–၁၂)။

အသင်းတော်သည် ဆုကျေးဇူးမတူညီသောယုံကြည်သူများ(ရောမ ၁၂း၆-၈)တို့ဖြင့် တည်ဆောက်ထားသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းအသီးသီး မိမိနှင့်သက်ဆိုင်သောတာဝန်ကို ကျေပြွန်စွာ



ထမ်းဆောင်ခြင်းပြုမှသာ ကိုယ်ခန္ဓာသည် ကျန်းမာ၍ ရှင်သန်ကြီးထွားခြင်းရှိနိုင်သကဲ့သို့ အသင်းတော်တွင်လည်း အသင်းသူ/သားများသည် ဘုရားပေးဆုကျေးဇူးများနှင့်အညီ မိမိလုပ်ဆောင်ရမည့်နေရာတွင် ကျေပြွန်စွာပါဝင်အမှုတော်ဆောင်ခြင်းပြုမှသာ အသင်းတော်သည် ကြံ့ခိုင်၍ရှင်သန်ကြီးထွားခြင်းရှိမည်ဖြစ်သည်။

## ၄။ မည်ကဲ့သို့ ကုစားကြမည်နည်း။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များအနေဖြင့် ကြုံတွေ့ရင်ဆိုင်နေရသည့်တပည့်တော်များ၏ပါဝင်မှုအားနည်းခြင်းနှင့်ပက်သက်သော စိန်ခေါ်မှုကို ကျွန်ုပ်တို့မည်ကဲ့သို့ ကုစားကြမည်နည်း။ တနည်းဆိုသော် ကျန်းမာသော၊ အောင်မြင်သော၊ ရှင်သန်နိုးကြားသောအသင်းတော်ဖြစ်လာရန်အလို့ငှါ တပည့်တော်များပိုမိုပူးပေါင်းအမှုတော်ဆောင်နိုင်ရန် မည်ကဲ့သို့ ပြုလုပ်ကြမည်နည်း။ ထို့ကြောင့်ဤအပိုင်းတွင် ဘုန်းတော်ကြီးများကိုယ်တိုင်အနေဖြင့် မည်ကဲ့သို့ခံယူထားသင့်ကြောင်း၊ အသင်း သူ/သားများအတွက်လည်း မည်ကဲ့သို့ စီစဉ်ဖန်တီးပြုလုပ်ပေးသင့်ကြောင်းနှင့် တပည့်တော်များ အနေဖြင့်လည်း မည်ကဲ့သို့ ခံယူပူးပေါင်းပါဝင်သင့်ကြောင်းတို့ကို အကြံပြုဆွေးနွေးသွားပါမည်။

### ၄-က။ ဘုန်းတော်ကြီးများ

၂၁ ရာစုတွင် ထိရောက်အောင်မြင်သောအသင်းတော်တစ်ပါးသည် သာမန်ယုံကြည်သူများကိုတွန်းအားပေးသော၊ နေရာပေးသော၊ ပြုစုပျိုးထောင်သော အသင်းတော်ဖြစ်ရန်လိုအပ်သည်ဟု ထင်ရှားသည့်သင်းအုပ်ဆရာတစ်ပါးမှဖော်ပြထားသည်။ ထိုသို့သောအသင်းတော်ဖြစ်ရန်မှာမူ ဘုန်းတော်

ကြီးအပေါ်၌ မူတည်နေပေသည်။ သို့သော် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)သည် စတင်ဖွဲ့စည်းသည့်အချိန်(၁၉၇၀)မှ ယနေ့အချိန်ထိ ဘုန်းတော်ကြီးများမှဗဟိုဦးစီးသည့် အသင်းတော်ဖြစ်သည်ဟု ယေဘုယျဆိုနိုင်ပါသည်။ ဘုန်းတော်ကြီးများသည် အသင်းတော်ရေးရာနှင့်ပတ်သက်လျှင် အလုံးစုံတာဝန်ယူလိုသည်သာမက ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ဆောင်လိုသည်ကို တွေ့မြင်နိုင်ပါသည်။ အသင်းတော်ရေးရာအလုံးစုံကို ကိုယ်တိုင်ကိုယ်ကျပါဝင်လိုခြင်းကြောင့် အကျိုးဆက်အနေဖြင့် ဘုန်းတော်ကြီးများသည် အမှုတော်ဆောင်ခြင်းတွင် မနိုင်မနင်းဖြစ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ စိတ်ပျက်ခြင်း၊ ထိရှလွယ်ခြင်းများလည်းဖြစ်နိုင်ပါသည်။

ထို့ကြောင့် ဘုန်းတော်ကြီးများသည် အထက်တွင်ဖော်ပြခဲ့သည့်မောရှေ၏ပုံစံမှ အချက် ၂ ချက်ကိုနမူနာယူသင့်ပါသည်။ မောရှေသည် မိမိလက်ကိုပင့်မြှောက်ရန်အတွက် အကူအညီပေးမည့်သူလိုခြင်း၊ နှင့် မိမိနောက်လိုက်တပည့်များအား ဆိုင်ရာတာဝန်ခွဲဝေအပ်နှင်းခြင်းတို့ဖြစ်သည်။

ဘုန်းတော်ကြီး၏တာဝန်ဝတ္တရားများထဲမှတစ်ခုမှာ အသင်းသူ/သားများအား အသင်းတော်အလုပ်ကိုလုပ်တတ်ရန် သင်ပေးခြင်းဖြစ်သည်(ဧဖက် ၄း၁၂)။ ယနေ့ အင်္ဂလီကန်အသင်းတော်၌ အသင်းသူ/သားများ၏ပါဝင်မှုအခန်းကဏ္ဍသည် အလွန်အားနည်းပါသေးသည်။ ဥပမာ- တနင်္ဂနွေနေ့တွင်ပင်လျှင် ဘုရားကျောင်းတက်ခြင်း၊ ပွဲတော်မင်္ဂလာခံယူခြင်းစသည်ဖြင့် ခံယူသူအခန်းကဏ္ဍတွင်သာရှိနေ ပါသေးသည်။ ထို့ကြောင့် ခံယူသူအဖြစ်မျှသာပါဝင်နေရာမှ ဦးစီးစီစဉ်လုပ်ဆောင်သူများအဖြစ်ပါဝင်နိုင်သည့် အခန်းကဏ္ဍများကို ဘုန်းတော်ကြီးများမှစီစဉ်ဖော်ထုတ်ပြီး တာဝန်အပ်နှင်းသင့်ပါသည်။ အသင်းတော်အောင်မြင်ခြင်းအတွက် အသင်းသူ/သားများ၏ အရေးပါမှုကို အလေးပေးတင်ပြသည့် စာအုပ်၊ စာပေများ ထုတ်ဝေခြင်း၊ သင်တန်းပြုလုပ်ခြင်းများ ပြုလုပ်သင့်ပေသည်။

အသင်းတော်အောင်မြင်ရန်အတွက် တစ်ဖက်တွင်လည်း ဘုန်းတော်ကြီးများကိုသာ အရည်အသွေးမြှင့်တင်ခြင်း၊ သင်တန်းပေးခြင်း၊ တာဝန်အပ်နှင်းခြင်းသာမက အသင်းသူ၊ အသင်းသားများအတွက်လည်း ထို့ကဲ့သို့ လုပ်ဆောင်ပေးရန်၊ အမြင်အသိဖွင့်ပေးရန်လိုသည်။ ထို့ကြောင့် အချုပ်ဆိုရသော် အသင်းသူ/သားများ၏အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်စေရန်လုပ်ဆောင်ခြင်းသည် ယနေ့ဘုန်းတော်ကြီးများအတွက် စိန်ခေါ်မှုဖြစ်သကဲ့သို့ လိုအပ်မှုလည်းဖြစ်ပါသည်။

**၄-ခ။ တပည့်တော်များ**

လောက၌ အသင်းတော်ရှိနေရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ယုံကြည်သူများဖြင့် ဘုရားသခင့် ဘုန်းတော်ဂုဏ်တော်ထင်ရှားစေရန်နှင့် တစ်ပါးသူများမှ ဘုရားသခင်အားသိလာရန်ဖြစ်သည်။ အပြင်မှလူများ၊ အသင်းတော်ကို မည်သို့မြင်သနည်းဆိုသည်မှာ အသင်းသူ/သားများအပေါ်တွင်တည်နေပါသည်။ ထို့ကြောင့် အသင်းတော်တွင် အသင်းသူ/သားများသည် ဧည့်သည်ကဲ့သို့နေရန်မဟုတ်ပေ။ အပတ်စဉ် ဝတ်ပြုကိုးကွယ်ခြင်းတွင်လည်း ပါဝင်ရုံမျှသက်သက်မျှသာမဟုတ်။ အသင်းတော်ကိုလှူဒါန်းခြင်း၊ ထိန်းသိမ်းခြင်းအမှုများလုပ်ရန်သာလျှင်မဟုတ်။ အသင်းသူ/သားများသည် ဘုရားသခင်၏ လူများဖြစ်ကြပြီး အသင်းတော်၏အဓိကကိုယ်ခန္ဓာဖြစ်သည်။ ဘုရားသခင်စေခိုင်းသောအလုပ်များလုပ်ရန် ခေါ်ယူတော်မူခြင်းခံရသော အမှုတော်ဆောင်များဖြစ်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူး ခံစားရရှိကြသူများဖြစ်သည်။ မိမိတို့၏ ဝိညာဉ်ဆုကျေးဇူးများဖြင့် အ

သင်းတော်၏ ကျရာအခန်းကဏ္ဍမှ ပါဝင်အမှုတော်ဆောင်ရန်ဖြစ်သည်။ ထို့ကြောင့် လက်တင်မင်္ဂလာခံယူခြင်းသည် သာမန်တ ပည့်တော်အား အသင်းတော်၏လုပ်ငန်းနှင့် သက်သေခံခြင်း၌ ပြည့်ဝစွာပူးပေါင်းပါဝင်ဆောင်ရွက် နိုင်ရန် ဘုန်းကြီးအဖြစ်ကဲ့သို့ သိက္ခာမင်္ဂလာပေးခြင်း**(lay ordination)**ဖြစ်သည်ဟု အင်္ဂလီကန်မှ မှတ်ယူထားသည်။

အသင်းတော်ရှိ ၂၀ ရာခိုင်နှုန်းလောက်သောသူများသာ အသင်းတော်လုပ်ငန်းအားလုံးကိုလုပ်ဆောင်နေကြရ၍ အလုပ်များအလျှင်မမှီသကဲ့သို့ ထိရောက်မှုလည်းအားနည်းပါသည်။ အင်အားကုန်ခန်းမှုလည်းရှိပေသည်။ ထို့ကြောင့် အသင်းတော်၏အဓိက ကြီးမားသောအင်အားဖြစ်သည့် အသင်းသားထုကြီးသည် မိမိတို့၏အစွမ်း၊ အစများကို ပြည့်ဝစွာအသုံးချ၍ အမှုတော်ဆောင်ကြရန်၊ အလင်းတော်ကို ထွန်းလင်းကြဖို့ဖြစ်သည်။ တစ်ဦးတစ်ယောက်တည်း အလင်းကိုလင်းသည်ထက် အများစုပေါင်း၍လင်းပါက ပို၍လင်းမည်ဖြစ်သကဲ့သို့ တာရှည်လည်းခံမည်ဖြစ်သည်။ ဟန်နရီက **"Coming together is beginning, keeping together is progress, working together is success (Henry Ford)"** ဟုပြောခဲ့ပါသည်။ ထို့ပြင် 'မြန်မြန်ရောက်ချင်ရင် တစ်ယောက်ထဲသွား၊ အဝေးကြီးကိုရောက်ချင်ရင် အများနဲ့သွားပါ 'ဟူသောဆိုရိုးစကားသည်လည်း မှတ်သားဖွယ်ကောင်းပါသည်။

အသင်းသူ/သားများအနေဖြင့် အသင်းတော်အပေါ် ကြည့်မြင်ခံယူပုံများစွာထဲမှနှစ်မျိုးကို အဓိကဖော်ပြလိုပါသည်။ ၎င်းတို့မှာ အသင်းတော်မှ 'ငါဘာရမည်နည်း'ဟု ကြည့်နေသူများနှင့် အသင်းတော်အတွက် 'ငါဘာလုပ်ပေးရမည်နည်း'ဟု ကြည့်မြင်သူတို့ဖြစ်သည်။ အမှန်စင်စစ် အသင်းတော်၌ရယူစရာများလည်းရှိသကဲ့သို့ အသင်းတော်ကိုပေးရမည့်အရာများလည်းရှိပါသည်။ အိမ်သူအိမ်သားတိုင်းသည် မိမိတို့အိမ်မှ လိုချင်သောအရာများကိုသာ အားလုံးယူသွားပြီး မည်သည့်ပြန်လည်ဖြည့်စွမ်းခြင်းမျှမပြုပါက ထိုအိမ်သည် ကြာကြာရပ်တည်နိုင်မည်မဟုတ်ပေ။ ၃၅ ဦးမြောက်အမေရိကန် သမ္မတဂျွန်အက်(ဖ်) ကနေဒီသည် သမ္မတအဖြစ် ကျမ်းကျိန်ဆိုသည့်နေ့မိန့်ခွန်းစကားတွင် 'တိုင်း ပြည်က သင့်အတွက် မည်သည့်အရာလုပ်ပေးမည်နည်းဟူသောမေးခွန်းထက် တိုင်းပြည်အတွက် သင်မည်သည့် အရာပြုလုပ်ပေးမည်နည်းဟူသော မေးခွန်းကိုမေးရန် စိန်ခေါ်ခဲ့သည်။ ဤစကားကို အခြေခံ၍ ယ နေ့အသင်းသူ/သားများအား 'အသင်းတော်က သင့်အတွက်မည်သည့်အရာလုပ်ပေးမည်နည်းဟူသော မေးခွန်းထက် အသင်းတော်အတွက် သင်မည်သည့်အရာပြုလုပ်ပေးမည်နည်း' ဟု ပြောလိုပါသည်။

**၅။နိဂုံး**

အသင်းတော်တစ်ခု ရှင်သန်ကြီးထွားအောင်မြင်ခြင်းသည် အချိန်ပြည့်အမှုတော်ဆောင်များနှင့် အချိန်ပိုင်းအမှုတော်ဆောင်များ၏အတူတကွ ပူးပေါင်းအမှုတော်ဆောင်ခြင်း၌ များစွာမူတည် နေပါသည်။ ထို့ကြောင့် ယုံကြည်သူတိုင်းသည် ဘုရားသခင့်အမှုတော်ဆောင်များဖြစ်ကြသည်။ ယနေ့ အမှုတော်ဆောင်များဖြစ်သောယုံကြည်သူတိုင်း(ဘုန်းတော်ကြီး၊ တပည့်တော်)ကို ဘုရားသခင်သည် မာရသွန်တာဝေးအပြေးပြိုင်ပွဲသမားများနှင့် ဘောလုံးသမားများကဲ့သို့ ဖြစ်စေလိုပါသည်။ ပြိုင်ပွဲတွင် ရှေ့ဆုံး၌ရောက်နေသူများရှိသကဲ့သို့ အလယ်နှင့် နောက်ဆုံး၌ရောက်နေသူများလည်း ရှိနိုင်ပါသည်။ အလယ်နှင့် နောက်ဆုံးမှာဖြစ်နေသော်လည်း မိမိတို့ပြေးရမည့်တာဝန်ကို ပန်းတိုင်ထိ

ပြေးရန်ဖြစ်သည်။ ဘောလုံးပွဲတွင်လည်း ရှေ့တန်းမှဦးဆောင်ရန်မဖြစ်သောအခါ နောက်တန်းမှ တာဝန်ယူပါဝင်ကြရပါသည်။ ထို့အတူ အမှုတော်လုပ်ငန်းတွင်လည်း အဆင့်မြင့်သည်၊ နိမ့်သည်၊ သာသည်၊ နာသည်ဟူ၍မရှိ သောကြောင့် ရှေ့ဆုံးမှပါဝင်ရခြင်းအတွက် ကြွားဝါခြင်းမရှိသင့်သကဲ့သို့ နောက် တန်းမှပါဝင်ရသောကြောင့်လည်း သိမ်ငယ်ရန်လည်းမရှိသင့်ပေ။ ထို့ကြောင့် အမှုတော်ဆောင်များဖြစ်ကြသည့် ယုံကြည်သူတိုင်းသည် အမှုတော်ကို တတ်နိုင်သည့်ဘက်မှ ပါဝင်လုပ်ဆောင်ခြင်း၊ ပူးပေါင်းခြင်းဖြင့် ဘုရားသခင့်နိုင်ငံတော်၊ အသင်းတော်ကို ရှင်သန်ကြီးထွားစေရ မည်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း ဘုန်းတော်ကြီးများသည် အသင်းသူ / သားများအား အသင်းတော်အတွက် အမြော်အမြင်ကြီးစွာဖြင့် ပြင်ဆင်လေ့ကျင့်ပေးခြင်း၊ အသိဉာဏ်ဖွင့်ပေးခြင်း၊ နေရာပေးခြင်း၊ အသုံးချခြင်း၊ တာဝန်အပ်နှင်းခြင်းများပြုလုပ်သင့်ပါသည်။ အသင်းသူ / သားများအနေဖြင့်လည်း မိမိတို့၌ရှိသော ဘုရားပေးဆုကျေးဇူးကို အသုံးပြုကာ အသင်းတော်တွင် ကျရာအခန်းကဏ္ဍမှလိုလိုလားလားပူးပေါင်းပါဝင်အမှုတော်ဆောင်ကြရန်လိုအပ်ပါသည်။ ထို့ကြောင့် အမှုတော်တွင် အသင်းသူ၊ အသင်းသားများ ပိုမိုနီးကြားတက်ကြွစွာပါဝင်နိုင်ရေးအတွက် ရှုထောင့်အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးတို့ဖြင့် အသင်းတော်အနေဖြင့်လည်းကောင်း၊ သာသနာပိုင်နယ်အနေဖြင့်လည်းကောင်း၊ သာသနာပိုင်ချုပ်နယ်အနေဖြင့်လည်းကောင်း စနစ်တကျစီမံလုပ်ဆောင်ခြင်းသည် အလွန်အရေးပါသောအမှုဖြစ်ပါသည်။

## End Notes

၁။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် 'အခြေခံစည်းမျဉ်း၊ ဓမ္မဥပဒေနှင့် နည်းဥပဒေများ'၊ ဘာသာရေးခွင့်ပြုချက် ဂ၆၈၃၊ (ရန်ကုန်၊ ၁၉၇၅)၊ စာ–၁၀။

၂။ John H. Oak, "Called to awaken the laity," (Scotland: Christian focus publication, 2006), p-36.

၃။ ဒန်အောင်၊ 'မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ မြစ်ကြီးနားသာသနာပိုင်နယ်၊ ရှင်အန္ဒြေအသင်းတော် (တနိုင်းမြို့) ရှိ–အသင်းသူ/သားများ ၏အမှုတော်ဆောင်ခြင်း အခန်းကဏ္ဍအား လေ့လာသုံးသပ်ခြင်း'၊ (ဓမ္မဝိဇ္ဇာဘွဲ့ယူမှတ်တမ်း၊ ရန်ကုန်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ၂၀၁၇)၊ စာ–၃၇။

၄။ Debbie Dodd, "Dictionary of Theological Terms in Simplified English," (USA: Evangelism and Mission Information Service (EMIS), 2003), p-114.

၅။ "Priesthood of all believers theology Religion Essay," 5 December 2016, https;//www.ukessays.com/essays/theology/priesthood-of-all-believers-theology-religion-essay.php (Accessed date 12 October 2018).

၆။ Melvin J. Steinbron, "The Lay Driven Church," (California: Regal, 1997) p-52.
Ibid. 171

၇။ ဘုန်းတော်ကြီးကင်နင်ဦးအက်စ်စံဟူး၊ 'အင်္ဂလီကန်အသင်းတော်၏ယုံကြည်ကျင့်သုံးမှု(အကျဉ်း)'၊ (ရန်ကုန်၊ ရတနာရွှေမြစာပုံနှိပ်တိုက်၊ ၁၉၈၈)၊ စာ–၁၆၁။

၈။ ဘုန်းတော်ကြီးဒေါက်တာအင်ဒရူးမန်းဇော်လွင်၊ 'အသင်းတော်အတွက် လက်ချင်းယှက် (ပို့ချချက်)'၊ (သာသနာပိုင်ချုပ်နယ်ရုံး၊ ရန်ကုန်၊ နိုဝင်ဘာ ၂၁–၂၂၊ ၂၀၁၇)။

၉။ အထက်ပါအတိုင်း။

၁၀။ J.F. Kennedy: "Ask not what your country can do for you, ask what you can do for your country"//Ask not what your church can do for you, ask what you can do for your church.

၁၁။ ဦးဒီအောင်ရင် (ဘာသာပြန်သူ)၊ 'အမှုတော်ဆောင်ဟူသည်'၊ (ရန်ကုန်၊ နှစ်ခြင်းပုံနှိပ်တိုက်၊ ၁၉၉၉)၊ စာ–၁၁၁။

အင်တာနက် ကာတွန်း



**TELESCOPE**

A **Joyful 'toon** by Mike Waters




while we do not look at the things which are seen, but at the things which are not seen. For the things which are seen are temporary, but the things which are not seen are eternal. – II Corinthians 4:18 NKJV

**045HCTC**



# ဒုက္ခဆူးခင်းနှင့် နှင်းဆီမွေ့ရာ

ဦးယုမင်း (မြစ်ကြီးနား)

"ထို့ကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း ဒုက္ခဆင်းရဲခံရသော သူတို့သည် ကိုယ်တော်၌ မိမိတို့ အ သက်ဝိညာဉ်ကို အပ်နှံကြစေ။" (၁ပေတရု ၄း၁၉)

**ထာဝရအသက်ရှင်သောစုံလင်ခြင်း**

မည်သူသည် ဒုက္ခဆူးခင်းလမ်းကို လျှောက်လှမ်းချင်မည်နည်း။ မည်သူသည် နှင်းဆီမွေ့ယာအလှကို မတမ်းတပဲရှိမည်နည်း။ ကဗျာစာဆိုတစ်ဦးက "ဆူးခင်းလမ်းကို ဖြတ်သန်း၍ နှင်းဆီမွေ့ယာသို့ တမ်းခြင်း" တစ်ပုဒ်ရေးဖွဲ့ခဲ့သည်။ ခရစ်ယာန်ယုံကြည်သူတို့သည်လည်း ဘဝတွင် ဆူးခင်းလမ်းကို ဖြတ်သန်းကြရသည် ပင်ဖြစ်၏။ အကြောင်းမူကား "နှင်းဆီမွေ့ယာ" တည်း ဟူသော ထာဝရအသက်ကို မျှော်လင့်တမ်းကြသောကြောင့်တည်း။ ဘဝတွင် 'ဆင်းရဲဒုက္ခလမ်း"ကို မလျှောက်လှမ်းရသူဟူ၍ မရှိချေ။ ခရစ်ယာန်တို့အဖို့ "ဒုက္ခဆူးခင်း" ဟူသည် အဘယ်အရာတို့နည်း။ နာကျင်ခြင်း၊ ဝေဒနာခံစားရခြင်း၊ ဒုက္ခကြုံခြင်း၊ ခက်ခဲ ဆင်းရဲခြင်း၊ စိတ်နှလုံးကြေကွဲခြင်း စသည့် "ဒုက္ခဆူးများ" ဖြစ်ပေလိမ့်မည်။ ယုံကြည်သူတို့တမ်း တသော "နှင်းဆီမွေ့ယာ" အလှသည် အဘယ်နည်း။ ကိုယ်၊ စိတ်၊ ဝိညာဉ် ထာဝရအသက်ရှင်သော စုံလင်ခြင်း(The Eternity Perfection) ဖြစ်သတည်း။

**နာကျင်ဝေဒနာများဟူသည်**

ယုံကြည်သူတစ်ဦးစီအတွက် ဘုရားသခင်၏သီးခြား အကြံစည်တော် (God's Plan) ရှိကြောင်း ခရစ်ယာန်တို့ မှတ်ယူကြပေသည်။ ထိုမှုမက နာကျင်ခံစားရခြင်း (Pain) သည်လည်း ဘုရားအကြံစည်တော်၏ အစိတ်အပိုင်းတစ်ရပ်

ဖြစ်ကြောင်း ကျွန်ုပ်တို့လက်ခံနိုင်ကြ၏။ ဒုက္ခဝေဒနာ(Suffering) သည် အဘယ်ကြောင့်အကြံစည်တော်၌ ပါရှိနေသနည်း။ မယုံကြည်သူတို့က ဒုက္ခဆင်းရဲခြင်းများ (Adversity) ကိုထောက်ပြလျက် လောကတွင် ဘုရားသခင်မရှိဟုပင် ပြောင်ပြောင်တင်းတင်းဆိုတတ် ကြလေသည်။ သို့ရာတွင် ယုံကြည်သူတို့မူကား "နာကျင်ခက်ခဲ၊ နလုံးကြေကွဲ၊ ဘဝဝေဒနာ"တို့မည်သည် ကျွန်ုပ်တို့၌ ဝိညာဉ်ရေးဖွံ့ဖြိုးစေသည်သာမက ကောင်းကျိုးများရှိသည်ဟူ၍ စိတ်နှိမ့်ချလျက် ခံယူကြ၏။ နှင်းဆီပန်း၏ ရနံ့သည် နှင်းဆီပွင့်ဖတ်များကို ချေဖျက်လိုက်သောအခါ ပို၍ သင်းပျံ့မွှေးကြိုင်သည်ပင် မဟုတ်လော။

## အိုးထိန်းသည်၏ လက်မှရွှံ့စေး

နာကျင်ကြေကွဲ၊ ဝေဒနာဆင်းရဲ(Pain and Suffering) တို့သည် ဘုရားသခင်၏အံ့ဖွယ်အမှုတော်(A Wonderful Ministry) တစ်ရပ်ဖြစ်နိုင်သည်ဟု ဓမ္မပညာရှင်တို့က ဆိုကြသည်။ သဘာဝရွှေသတ္တုသည် ပူပြင်းသောမီးဖို၊ အညစ်အကြေးချေဖျက်သော အက်စစ်ပြင်းတို့ထိတွေ့ခံစားရပြီးနောက် အဖိုးအနဂ္ဃထိုက်သော ရွှေစင်ဖြစ်လာသည်။ သာမညရွှံ့စေးမြေသည် အောက်ခံသစ်သားလှည့်စက် ပေါ်တွင် ချာချာလည်ရွေ့လျက်နေစဉ် အိုးထိန်းသည်၏ တုတ်ပြားရိုက်ချက်တို့ကို ထိတွေ့ခံစားရပြီးနောက် လှပနှစ်သက်ဖွယ်သော အိုးတစ်လုံးအသွင်ဖြစ် လာရသည်။ ရင့်သောဝက်သစ်ချသစ်သားကို မီးခိုးမှိုင်းတိုက်၊ မီးမြိုက်၍ တယောကဲ့သို့တူရိယာပြုလုပ်ရ၏။ အပူတိုက်၊ မီးအုံးသောသစ်သားတို့သည် သာယာလှပသော တူရိယာသံကို ထွက်ပေါ်လာစေသည်ဟု ဆိုကြသည်။ ထို့နည်းအတူ ဘဝ၏ဒုက္ခမီး၊ ဝေဒနာမှိုင်း၊ ဒုက္ခဆူးခင်းတို့ကို တွေ့ကြုံခံစားရပြီးနောက် ကျွန်ုပ်တို့တွင်ကြီး မြတ်သောအကျိုးတရားများ(Biggest Benedictions) ပေါ်ထွန်းလာစေသည်။

## ရုပ်ဖျက်ထားသော ကောင်းချီးများ

ခရစ်ယာန်ယုံကြည်သူတို့သည် ဒုက္ခဆူးခင်း(A bed of thorns)ကို မလွဲမသွေဖြတ်သန်းကြရ၏။ အကြောင်းမဲ့၊ အချည်းနှီး ဒုက္ခခံစားရခြင်းမဟုတ်။ နှင်းဆီမွေ့ယာ(A bed of roses)အလှကို အဓိပ္ပါယ်စုံလင်စွာ သိမြင်ခံစားစေရန်ဖြစ်ပေ၏။ ဝေဒနာအခက်အခဲ၊ ဒုက္ခဆင်းရဲဟူသော နာကျင်ခြင်း(Pain) များသည် ဘုရားသခင်၏ နက်နဲသော အကြံစည်တော်သာ ဖြစ်ပေလိမ့်မည်။ ကဗျာစာဆိုတစ်ဦးက "ဘဝ၏နာကျင်ခံစားရသော ဒဏ်ချက်များသည် ဘုရားသခင်၏ ရုပ်ဖျက်ထားသော ကောင်းချီးမင်္ဂလာ များ (Blessing in disguise) "ဟူ၍ တင်စားဖွဲ့ဆိုခဲ့၏။ ဆိုလိုသည်မှာ လူအများက "နာကျင်ဝေဒနာများ" အား"ဒုက္ခဆူးခင်း"အဖြစ်မြင်ယောင်ခဲ့သော်လည်း ၎င်းတို့မှာ ဘုရားသခင်၏အကြံစည်တော်၌ "နှင်းဆီမွေ့ယာ"ဟူသော ကောင်းချီးမင်္ဂလာများ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

## ဝိညာဉ်ရေးကြွယ်ဝရင့်ကျက်စေရန်

ခရစ်တော်ကိုယ်တိုင်ပင်လျှင် ကြီးစွာသော ဒုက္ခဆင်းရဲ၊ ကြောက်ဖွယ်သောဝေဒနာတို့ကို တွေ့ကြုံခံစားပြီးမှ စုံလင်ခြင်းအဖြစ်သို့ ရောက်ရ၏။ ထို့ကြောင့် ခရစ်ယာန်ဓမ္မပညာရှင်တို့က "The Cross was the Step to the Throne" ဟုမိန့်ဆိုခဲ့ကြသည်။ "ကားတိုင်တော်"သည် စုံလင်ခြင်း ပလ္လင်တော်သို့ တက်လှမ်းသော လှေကားထစ်ဖြစ်တော့၏။ အချို့သောယုံကြည်သူတို့၏စိတ်နှလုံး၌ ကားတိုင် (The Cross)လမ်းသည် တစ်ခုတည်းသောကယ်တင်ခြင်း(Salvation)လမ်းဖြစ်ကြောင်း ဘဝင်မတွေ့ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ရင့်ကျက်သော (လောကဓံ၏ အထုအထောင်း၌ ပြင်းပြစွာ ဝေဒနာနာကျင်ခံစားခဲ့ရသော) ယုံကြည်သူတို့ကမူ ဤသို့ဆိုကြ၏။ "ဘဝ

အသက်တာတွင် ဝိညာဉ်ရေးကြွယ်ဝရင့် ကျက်မှု (Spiritual Enrichment) ဟူသည့် "ဒုက္ခဆူးခင်း" ကို ဖြတ်သန်းခြင်းမှရရှိပါသည်၊ ကားတိုင်ခရီးကျော်ဖြတ်ခြင်းသည် စုံလင်သော ထီးနန်းပလ္လင်တော်သို့ သွားနေခြင်းဖြစ်သည်" ဟု သူတို့ ဆိုကြ၏။

## သမားတော်၏လက်သို့အပ်နှံ

"နာကျင်ခြင်းနှင့် ဒုက္ခဝေဒနာ(Pain and Sufferinng)တို့ကို လူသားတို့ခံစားနေရပုံများအား ထောက်ရှုလျှင် လောက၌ ဆင်းရဲဒုက္ခမှကယ်တင်သော ဘုရားသခင်မရှိ"ဟူ၍ Atheists တို့ကိုလည်း ရဲတင်းစွာ ဆိုလာကြ၏။ သူတို့ကဲ့သို့ ဘုရားမဲ့ခံယူသူတို့အမြင်၌ ကယ်တင်သော ဘုရားသခင်အမှန်ရှိခဲ့လျှင် လောက၌ ဤကဲ့သို့သော ဒုက္ခဆူးခင်း (Evil) အရာများ မရှိသင့်ချေ။ ဒုက္ခဝေဒနာများတည်ရှိမှုသည် ဘုရားမရှိကြောင်း သက်သေတစ်ခုဟူ၍ပင် ကျယ်လောင်စွာ ဝေဖန်နေကြ၏။

တစ်ဖက်တွင်လည်း ယုံကြည်သူတို့က "ဒုက္ခဆင်းရဲ၊ နာကျင်ဝေဒနာ"တို့ဟူသည် ဘုရားသခင်၏ အကြံအစည်အစိတ်အပိုင်းတစ်ရပ်သာဖြစ်၏။ ထိုအရာတို့နောက်ကွယ်၌ (မမြင်သာသော) ကောင်းချီးမင်္ဂလာများ တည်ရှိနေသည်။ ဘုရားသခင်၏လက်တစ်ဖက်သည် ရွှံ့စေးကိုထုရိုက်သော်လည်း အခြားလက်တစ်ဖက်သည် လှပ သောအိုးအသွင်ဖြစ်လာစေအောင် ကိုင်တွယ်ပုံသွင်းနေခြင်းပင်ဖြစ်၏" ဟု ကြည်လင်သော ထိခိုက်ဒဏ်ရာနှင့်ကလေးငယ်အား ခွဲစိတ်ခန်းအတွင်းသို့ မိဘများက ခွင့်ပြုသည်မှာ ကလေးငယ်အား နာကျင်ဝေဒနာခံစားစေချင် ၍မဟုတ်။ ပိုမိုကောင်းမွန်သော ကလေး၏အခြေအနေကို မျှော်လင့်သောကြောင့်လည်းကောင်း၊ ခွဲစိတ်ခန်း၌ရှိသော သမားတော်ကြီးများ၏ဉာဏ်ပညာ ကိုချင်းချက်မရှိ ယုံကြည်သောကြောင့်လည်း ကောင်း ဖြစ်ပေလိမ့်မည်။

ထို့နည်းတူစွာ ခရစ်ယာန်ယုံကြည်သူတို့ နာကျင်ခက်ခဲ၊ ဝေဒနာဆင်းရဲသော "ဒုက္ခဆူးခင်း" လမ်းသို့ ဖြတ်သန်းနေကြ၏။ အကြောင်းမှုကား ထာဝရအသက်တာသစ်တည်းဟူသော "နှင်းဆီမွေ့ယာ"ကိုမျှော်လင့်သောကြောင့်လည်းကောင်း၊ အနန္တဉာဏ်တော်ရှင် ဘုရား သခင် (ခွဲစိတ်ကုသမားတော်ကြီး) ၏ လက်တော်ကို ကိုးစားယုံကြည်သောကြောင့်လည်းကောင်း ဖြစ်ပါသည်။

"သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။"

(ဖိလိပ္ပိ ၂း ၁၃)



# ၂၀၁၈–၂၀၁၉ပညာသင်နှစ် ပထမနှစ်ကျောင်းသားများ၏ နွေရာသီကွင်းဆင်းလေ့လာရေးခရီးစဉ်

ရှေးဦးစွာဘုရားသခင်၏ ကျေးဇူးတော်အပေါင်းကို ရေတွက်ချီးမွမ်းလိုပါသည်။ ဘုရားသခင်၏ လမ်းပြကွယ်ကာပို့ဆောင်ခြင်းကြောင့် နွေရာသီကျောင်းပိတ်ရက်အတွင်း မြစ်ကြီးနားသာသနာပိုင်နယ်၊ ရှင်အန္ဒြေအသင်းတော်၊ တနိုင်းမြို့တွင် လက်တွေ့အမှုတော်ဆောင်ခြင်းဆိုင်ရာများကို ကွင်းဆင်း၍ လေ့လာသင်ယူခဲ့ကြပါသည်။

ပထမနှစ်ကျောင်းသား (၇)ဦးတို့သည် ကျောင်းတော်ကြီးမှစေလွှတ်သော နွေရာသီသာသနာပြုခရီးစဉ်ကို အစပြုထွက်ခွာခဲ့ကြပါသည်။ မြစ်ကြီးနားသို့ရောက်ရှိသောအခါ ကသီဒြယ်ဘုရားကျော င်းတွင် တစ်ညတာ တည်းခိုခဲ့ပြီး နောက်တစ်နေ့စောစောထ၍ ဆက်လက်ခရီးပြုခဲ့ကြရာ ညနေစောင်းအချိန် တွင် တနိုင်းမြို့တွင်ရှိသော ရှင်အန္ဒြေအသင်းတော်သို့ ကောင်းမွန်ချောမောစွာဖြင့် ရောက်ရှိခဲ့ပါသည်။

ရှင်အန္ဒြေအသင်းတော်၏ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ ဘုန်းတော်ကြီးနောဇလဖိုင်တူးရှန်ဖြစ်ပါသည်။ အသင်းတော်အတွင်းလိုအပ်သောအရာများကို ဘုန်းတော်ကြီး၏ စီစဉ်ညွှန်ကြားမှုဖြင့် တတ်စွမ်းသမျှ ကာယ၊ ဉာဏ်ဏ ခွန်အားများဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့ပါသည်။ မြစ်ကြီးနားသာသနာပိုင်နယ်၊ ယောက်ျားအသင်း(ဗဟို)မှ ကျင်းပပြုလုပ်သော (၂၅)နှစ် ပြည့်ငွေရတုသဘင်တွင် ပါဝင်ကူညီခဲ့ပြီး၊ တစ်ဆက်တည်း ကျင်းပပြုလုပ်သော နှစ်ပတ်လည်အစည်းအဝေးနှင့် သင်တန်းတွင်လိုအပ်သော အခန်းကဏ္ဍအသီးသီးတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသင်တန်းပြုလုပ်ချိန်တွင် အားကစားပြိုင်ပွဲများ၊ ညပိုင်းဖျော်ဖြေရေးနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ချီးမွမ်းကိုးကွယ်ခြင်း အစီအစဉ်များ၌ ဦးဆောင်ခြင်းဖြင့် ပါဝင်အားဖြည့်နိုင်ခဲ့ကြပါသည်။ မီးဖို

ချောင်တွင် လိုအပ်သော အလုပ်တာဝန်များကို ကူညီလုပ်ဆောင်ရင်း မိခင်များနှင့် တရင်းတနှီး မိတ်သဟာယဖွဲ့ နိုင်ခဲ့ပါသည်။ ထို့အတူ မြစ်ကြီးနားသာသနာပိုင်နယ်၊ ဇဝံဂေလိနှင့် သာသနာပြုခြင်းဌာနမှ လုပ်ဆောင်လျက်ရှိသော သာသနာပြုကွင်းဖြစ်သော တရုန်ကျေးရွာသို့ သွားရောက်ကာ ခွန်အားပေးခြင်းများ၊ မိတ်သဟာယဖွဲ့ခြင်းများပြုလုပ်ခဲ့ပါသည်။

ဝါတွင်းကာလဖြစ်သောကြောင့် အသင်းတော်မိသားစု နေအိမ်များသို့ တစ်အိမ်တက်ဆင်းကွင်းဆင်းဆုတောင်းခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။ အသင်းတော်၏ အထူးဆုတောင်းခြင်းများ၊ တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်းများတွင် ပါဝင်ကူညီခဲ့ကြပါသည်။ အိမ်ထောင်ဝတ်၊ လူငယ်ဝတ်၊ မိခင်ဝတ်နှင့် ယောက်ျားအသင်းတို့၏ ဝတ်ပြုကိုးကွယ်ခြင်းများတွင်လည်း ဦးဆောင်ခြင်း၊ သက်သေခံခြင်း၊ တရားဒေသနာ ဝေငှခြင်းဟောကြားခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆန်းဒေးစကူးလ်သင်ကြားခြင်းများကိုလည်း တနင်္ဂနွေနံနက်ပိုင်း ပွဲတော်ဝတ်အစမပြုမီ အချိန်တွင် ပြုလုပ်သင်ကြားပေးခဲ့ပါသည်။

ကွင်းဆင်းလေ့လာသင်ယူခြင်းအစီအစဉ် ခရီးစဉ်တစ်လျှောက်လုံးတွင် လိုအပ်ရာများအားကူညီစောင့်ရှောက်ပေးကြသော ဘုရားရှင်၏သားသမီး တစ်ယောက်စီတိုင်းကို အထူးကျေးဇူးတင်ရှိပါသည်။ ထို့အတူ နွေးထွေးစွာဖြင့် လက်ခံကြိုဆိုပေးပါသော ရှင်အန္ဒြေအသင်းတော် (တနိုင်း) မှ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် အသင်းတော်မိသားစုအားလုံးကိုလည်းကောင်း၊ အလှူငွေအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း ကူညီပေးကြပါသော မိဘ၊ ဆရာသမားများ၊ မိတ်ဆွေများအားလုံးနှင့် ခရီးစဉ်ကို တာဝန်ယူစေလွှတ်ပေးပါသော ကျောင်းတော်ကြီးမှ ဆရာ / မများကို အထူးပင်ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ခရီးစဉ်တစ်လျှောက်တွင် ပါဝင်ကြသော ကျောင်းသားများသည် ဘုရားသခင်၏ ပို့ဆောင်ကောင်းချီးပေးခြင်းအားဖြင့် ကျန်းမာရွှင်လန်းစွာ ခရီးစဉ်ကိုအောင်မြင် ကျော်ဖြတ်ခဲ့ကြပြီး ပျော်ရွှင်ခြင်းရသများကို ခံစားရရှိကာ ဘုရားသခင်ထံမှ ကောင်းမြတ်သော ဆုကျေးဇူးပါရမီအမျိုးမျိုးကို လက်တွေ့ခံစားခွင့် ရရှိခဲ့ကြပါသည်။ ဤခရီးစဉ်မှကြုံတွေ့ရသော အတွေ့အကြုံများသည် နောင်လာမည့်အချိန်များတွင် မိမိတို့၏ အမှုတော်ဆောင်ခြင်း အသက်တာတွင် များစွာအထောက်အကူပြုအကျိုးရှိစေမည်ဟု လက်ခံယုံကြည်ပါသည်။ ■



# ၂၀၁၈ – ၂၀၁၉ပညာသင်နှစ် ဒုတိယနှစ်ကျောင်းသူ/သားများ၏ နွေရာသီလေ့လာရေးခရီးစဉ်

ကျွန်ုပ်တို့၏ ဒုတိယနှစ်အတန်းတွင် ကျောင်းသူ/သားစုစုပေါင်း (၉)ဦးရှိပါသည်။ လေးဦးမှာ မိန်းကလေးများဖြစ်ကြပြီး ငါးဦးမှာယောက်ျားလေးများဖြစ်ကြပါသည်။ နွေရာသီတွင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏အစီအစဉ်အဖြစ် သာသနာပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို တစ်လလုပ်ဆောင်ခဲ့ပါသည်။ နေရာအားဖြင့် ပုသိမ်သာသနာပြု သာသနာပိုင်နယ်အတွင်းရှိ နယ်များထံသို့ ကွင်းဆင်းလေ့လာသင်ယူမှုကို လုပ်ဆောင်ခဲ့ကြပါသည်။ ကျောင်းတော်ကြီးမှ မတ်လ (၁၆) ရက်နေ့မနက် (၇) နာရီခန့်တွင် ဆုတောင်းခြင်းဖြင့် ကားဂိတ်သို့စတင်ထွက်ခွာခဲ့ကြပါသည်။ ထိုနေ့မှာပင် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ကြပါသည်။ မြောင်းမြမြို့ရှိ ကျောင်းထိုင်ဘုန်းတော်ကြီး စိုးမိုးအောင်နှင့်တွေ့ဆုံပြီး မြောင်းမြမြို့ရှိ အသင်း/သားများနှင့် မိတ်သဟာယပြုခဲ့ကြပါသည်။ တနင်္ဂနွေနေ့တွင် ပွဲတော်မင်္ဂလာဝတ်တွင် ကူညီပေးခြင်းနှင့် ဂုဏ်တော်ချီးမွမ်းခြင်းများအားဖြင့်ပါဝင်ခဲ့ကြပါသည်။ မြောင်းမြမြို့တွင် နှစ်ရက်တာနေပြီးနောက် ဓနိုးချောင်းကျေးရွာသို့သွားရောက်ခဲ့ကြပါသည်။ ဓနိုးချောင်းကျေးရွာသို့ မတ်လ(၁၈)ရက်နေ့တွင် ရောက်ရှိခဲ့ကြပါသည်။ ဓနိုးချောင်းတွင် တာဝန်ခံဘုန်တော်ကြီး စဘိုဘိုနှင့်တွေ့ဆုံကာ လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် ကျွန်းချောင်းကျေးရွာတွင် ပြုလုပ်မည့်ဓမ္မပညာသင်တန်းအတွက်ပါ ဆွေးနွေးခဲ့ကြပါသည်။

ဓနိုးချောင်းရွာတွင် ဝါတွင်းအိမ်လှည့်ဆုတောင်းခြင်းများ၊ လူငယ်များ၊ ဓမ္မပညာကလေးများနှင့် မိတ်သဟာယပြုခဲ့ကြပါသည်။ ဓနိုးချောင်းကျေးရွာအနီးရှိ သပြေချောင်း၊ ပိန္နဲချောင်းကျေးရွာများရှိ အသင်းသူအ

သင်းသားများ၊ ခရစ်ယာန် ညီအကိုများနှင့် တစ်နေ့တာမိတ်သဟာယပြုခဲ့ကြပါသည်။ မတ်လ (၂၆)ရက်နေ့ မနက် လေးနာရီကျော်ခန့်တွင် စက်လှေဖြင့် ကျွန်းချောင်းရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ကျွန်းချောင်းရွာတွင် ပြုလုပ်မည့် ဓမ္မပညာသင်တန်းအတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါသည်။ ထိုနေရာတွင် ရေချိုရှားသောကြောင့် ကျွန်တော်တို့အနေဖြင့် ရေသယ်ခြင်းများကို အထူးလုပ်ဆောင်ခဲ့ကြပါသည်။ ဓမ္မပညာသင်တန်းပြုလုပ်သောအချိန်အတွင်းတွင် လိုအပ်သောနေရာ၊ အခန်းကဏ္ဍများ၌ ပါဝင်အားဖြည့်ခဲ့ကြပါသည်။ သင်းတန်းတွင်လည်း သမ္မာကျမ်းစာသင်ကြားခြင်း၊ သီချင်းသင်ကြားခြင်းများအပြင် ညပိုင်းတင်ဆက်မှုများတွင်လည်း အကဲဖြတ်ဒိုင်များအဖြစ် ပါဝင်ခဲ့ကြပါသည်။ သင်တန်းအတွက် လိုအပ်သောပစ္စည်းများသွားဝယ်သောအခါတွင်လည်း မိခင်များနှင့်အတူ သွားရောက်ခဲ့ပါသည်။ ခရီးစဉ်တစ်လျှောက်လုံးတွင် အတန်းသူ/သားများ၏ စည်းလုံးညီညွတ်စွာလုပ်ဆောင်ခြင်းများကြောင့် အဆင်ပြေချောမွေ့စွာဖြင့် ပြီးစီးခဲ့ပါသည်။ တစ်ခါတစ်ရံ၌ အဖုအထစ်ဖြစ်သောအရာများရှိသော်လည်း ပြေလည်စွာဖြင့် ညှိနှိုင်းဖြေရှင်းနိုင်ခဲ့ကြပါသည်။ တစ်ရွာနှင့်တစ် ရွာသွားရောက်သောအခါတွင် စက်လှေ၊ ကား၊ မော်တော်ဆိုင်ကယ်များဖြင့် သွားလာကြပါသည်။ ကျွန်းချောင်းကျေးရွာမှ ဧပြီလ (၁၇) ရက်နေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာလာခဲ့ပြီး ကျောင်းတော်ကြီးသို့ ညနေ (၄)နာရီခန့်အချိန် တွင် ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ ၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှ နွေရာသီကွင်းဆင်းလေ့လာရေးခရီးစဉ်သည် အောင်မြင်စွာဖြင့် ပြီးဆုံးခဲ့ပါသည်။ ဤခရီးစဉ်အတွက် အဘက်ဘက်မှ ကူညီပေးကြသောမိတ်ဆွေများ၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း ကူညီပေးကြသောသူများကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ ထို့ပြင် တာဝန်ယူလက်ခံပေးကြသော ဒေသခံဘုန်းတော်ကြီးများနှင့် အသင်းသူ/ သားများ၊ ကျောင်းတော်ကြီးမှ ဤခရီးစဉ်အား ခွင့်ပြုကာစေလွှတ်ပေးခဲ့ကြသော တာဝန်ရှိသော ဆရာ/မများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြပေးလိုပါသည်။ အထူးသဖြင့် ဤခရီးစဉ် တစ်ခုလုံးတွင် လမ်းပြကွယ်ကာစောင့်ရှောက်ပေးခဲ့သော ဘုရားသခင်၏ ကျေးဇူးတော်အား အထူးပင် ချီးမွမ်းလိုပါသည်။ နောင်လာမည့် ခရီးစဉ်များတွင်လည်း ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ယခု ကဲ့သို့ပင် အဆင်ပြေချောမွေ့စွာဖြင့် ဖြတ်သန်းနိုင်မည်ဟု ယုံကြည်မိပါသည်။



# တတိယနှစ်ကျောင်းသူ၊ကျောင်းသားများ၏
# Internship Training

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ တတိယနှစ် ကျောင်းသူ၊ကျောင်းသားများသည် ၂၀၁၈ –၂၀၁၉ ပညာသင်နှစ်၊ နွေရာသီခရီးစဉ်အား ကောင်းမွန်ချောမောစွာ သွားရောက်နိုင်ခဲ့ပါသည်။ ထို့အတူ ခရီးစဉ်အတွက် စီစဉ်ပေးသည့် ကျောင်းတော်ကြီးမှ ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာ၊ဆရာမများနှင့် စီမံအုပ်ချုပ်သူများအားလုံးကို လည်းကောင်း၊ ခရီးစဉ်အတွက် ဆုတောင်းခြင်းအားဖြင့် ပါဝင်ပေးကြသော ညီအကိုမောင်နှမများ အားလုံးကိုလည်းကောင်း၊ သွားရောက်ခဲ့သည့်နယ်တွင် နွေးထွေးစွာ ကြိုဆိုလက်ခံ ပေးပါသော ဘုန်းတော်ကြီးနှင့်တကွ အသင်းသူအသင်းသားများအလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ သွားရောက်ခဲ့သည့် နေရာမှာ တောင်ငူသာသနာပိုင်နယ်ရှိ၊ လှိုင်ကော်၊ ရှင်ပေါလု ဘုန်းတော်ကြီးပိုင်နယ်ဖြစ်ပြီး သွားရောက်နေထိုင်သည့် အချိန်ကာလသည် တစ်လကျော်ဖြစ်ပါသည်။ Internship ခရီးစဉ်အဖြစ် သွားရောက်ရသည့်အကြောင်းအရာမှာ ဒံယေလစိုက်ပျိုးရေးသင်တန်းကျောင်းတွင် စိုက်ပျိုးရေးပညာအား တက်ရောက်ရန်ဖြစ်ပါသည်။ ထိုသင်တန်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီမံခန့်ခွဲခြင်းနှင့်ပတ်သက်သော အကြောင်းအရာများအား သင်ယူလေ့လာခဲ့ရပါသည်။ ထို့အပြင် ဒီမော့ဆိုစိုက်ပျိုးရေးကျောင်းတွင်လည်း နှစ်ရက်တာသင်တန်းတက်ရောက်ခဲ့ပါသည်။

သင်တန်းကာလတွင် စာတွေ့များအား သင်ကြားသည်သာမက၊ လက်တွေ့ပိုင်းဆိုင်ရာဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များအား သွားရောက်လေ့လာခဲ့ရပါသည်။ သင်တန်းတွင် စာသင်ချိန် သည် နံနက် (၉း၀၀)နာရီမှ နေ့လည် (၁၂း၀၀) အထိဖြစ်ပါသည်။ ညနေပိုင်းအချိန်များတွင် ဝါတွင်းကာလဖြစ်သည့် အားလျော်စွာ လှိုင်ကောင်ရှင် ပေါလုအသင်းတော်ရှိ၊ အသင်းသူအသင်းသားများ၏ နေအိမ်များသို့ လှည့်လည်ကာ ဝါတွင်းဝတ်ပြုခြင်းများအား ပြုလုပ်ခြင်းအားဖြင့် မိဿဟာရဖွဲ့ခွင့်ရခဲ့ပါသည်။ ထို့အပြင် နယ်စီးဘုန်းတော်ကြီး ဆရာထူးထူးဖော၏ စီစဉ်ပေးခြင်းအားဖြင့် တော

တောင်ထူထပ်၍ သာယာလှပသော မော်ချီးဒေသရှိ အသင်းသူအသင်းသားများထံသို့ သွားရောက်၍ မိသဟာယပြုနိုင်ခဲ့ပါသည်။ ထို့အပြင် ၄င်းတို့လုပ်ကိုင်လျက်ရှိသော သတ္တုတူးဖော်သည့် သတ္တုတွင်းများသို့ သွား ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။ ထို့ကြောင့် မော်ချီးဒေသရှိ နယ်စီးဘုန်းတော်ကြီးနှင့်တကွ အသင်းသူအသင်းသားများအား ကျေးဇူးအထူးတင်ရှိပါသည်။ သင်တန်းကာလပြီးဆုံးသည့်အခါ သကြၤန်ကာလအချိန်၌ ဓမ္မပညာကလေးများ၏ နွေရာသီသင်တန်းတွင် သမ္မာကျမ်းစာများသင်ကြားပေးခြင်း၊ သီချင်းများသင်ကြားပေးခြင်းစသည့်ဖြင့် လိုအပ်သောနေရာများတွင် ပါဝင်ကူညီးပေခဲ့သည်။ သင်တန်းဆင်းပွဲအား အီစတာပွဲနေ့အပြီးတွင် ပြုလုပ်ခဲ့ပြီး ကျေးဇူးတင်စကားနှင့် ရင်တွင်းစကားများအား ပြောကြားခဲ့ပါသည်။

ခရီးစဉ်တစ်လျှောက်လုံးအားပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းတွင် ပို့ချခဲ့သောအရာများသည် မိမိတို့၏ အမှုတော်ဆောင်ခြင်းအသက်တာတွင် တစ်ထောင့်တစ်နေရာ၌ အလွန်ပင်အသုံးဝင်သောအရာများဖြစ်ကြောင်း သိမြင်ရပါသည်။ သင်တန်း၌ ပို့ချခဲ့သော အရာများသည် မိမိတို့ကိုယ်တိုင်မလုပ်နိုင်သည့်အခါတွင်လည်း မိမိနယ်ရှိ စိုက်ပျိုးရေးများပြုလုပ်သည် သူများအတွက် ပြန်လည်ပို့ချရန် လိုအပ်ကြောင်း သိမြင်မိပါသည်။ ထို့ကြောင့် ခရီးစဉ်တစ်လျှောက်လုံးတွင် သင်ယူရရှိခဲ့သောအရာများသည် မိမိတို့၏ လက်တွေ့အမှုတော်ဆောင်ခြင်းအရာတို့၌ အလွန်ပင်တန်ဖိုးကြီးသော သင်ခန်းစာများဖြစ်ကြောင်း သုံးသပ်မိပါသည်။ ■



# ကျောင်းသားကောင်စီလှုပ်ရှားမှုများ

## ကျန်းမာရေးဆပ်ကော်မတီ

တာဝန်ခံ– ဂျွန်နော်ဆန့်

မထိုက်တန်သော်လည်း ကျောင်းတော်ကြီး၏ ကျန်းမာရေးဆပ်ကော်မတီ၌ ပါဝင်ဆက်ကပ်ခွင့်ရသည့်အတွက် အတိုင်းမသိဝမ်းသာဂုဏ်ယူမိပြီး ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ကျွန်တော်နှင့်တွဲဖက် တာဝန်ထမ်းဆောင်ဆက်ကပ်ပေးပါသော ဆရာစောအယ်ဂေအားလည်း အထူးပင်ကျေးဇူးတင်ပါသည်။ ကျောင်း၌ နာမကျန်းဖြစ်သောသူများအား သက်ဆိုင်သောဆေးများတိုက်ပေးခြင်း၊ လိုအပ်ပါက ဆေးခန်းခေါ်သွားခြင်းများကို လုပ်ဆောင်ပေးပါသည်။ ထိုအရာများကို လုပ်ဆောင်သောအခါတွင်လည်း ပါဝင်ကူညီကြသောသူများအား အထူးပင်ကျေးဇူးတင်ပါသည်။ လိုအပ်ချက်များ၊ မပြည့်စုံမှုများရှိပါကလည်း မေတ္တာရှေ့ထားခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထို့ပြင် ကျန်းမာရေးဆပ်ကော်မတီသို့ ဆေးဝါးများသော်လည်းကောင်း၊ အလှူငွေ များသော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ပါကြောင်းကို ဖော်ပြပေးလိုပါသည်။

## စားဖိုဆောင်ဆပ်ကော်မတီ

တာဝန်ခံ– ဆရာဒေးဗစ်မျိုးလွင်ကျော်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ၂၀၁၉–၂၀၂၀ပညာသင်နှစ်တွင် စားဖိုဆောင်တာဝန်ခံနှင့်အတူ အကူသုံးဦးရှိပါသည်။ ထိုသူများမှာ စောကမော်ဒိုထူး၊ ချယ်ရီလင်း၊ မောင်ထက်ရှားကိုကို တို့ဖြစ်ပါသည်။ လုပ်ငန်းတာဝန်မှာ နေ့စဉ်စားသောက်ဖို့ရန်အတွက် စီမံဆောင်ရွက်ပေးရပါသည်။ အသား ငါးများကို နေ့စဉ်တာဝန်ကျသော ကျောင်းသူ/သားများမှာ လှည်းတန်းဈေးသို့သွားရောက်ဝယ်ယူရပြီး ကုန်စိမ်း/ခြောက်

များကိုမူ စားဖိုဆောင်တာဝန်ခံများက နှစ်ပတ်တစ်ကြိမ် သီရိမင်္ဂလာဈေးတွင် သွားရောက်ကာ ဝယ်ယူကြပါသည်။ ကျောင်းဝင်းအတွင်း၌ ပြုလုပ်သော အစီအစဉ်များတွင်လည်း တာဝန်ယူကာချက်ပြုတ်ပေးခြင်းများကို ပြုလုပ်ကြပါသည်။ မွေးနေ့ပွဲများ၊ ကျေးဇူးတော်ချီးမွမ်းပွဲများ စသော အလှူရှင်များရှိပါက အလှူရှင်များ ကျွေးမွေးလိုသောအရာများကို တာဝန်ယူကာ စီမံချက်ပြုတ်ပေးရပါသည်။ ကျောင်းသူ၊ ကျောင်းသားများသည် သတ်မှတ်ထားသောအချိန်တွင် စားသောက်ရကြပြီး ကျောင်းသားကောင်စီမှ သတ်မှတ်ထားသော အဝတ်အစားများဖြင့်သာ ထမင်းသုံးဆောင်ခြင်းများကို ပြုလုပ်ရပါသည်။ စားဖိုဆောင်အား သန့်ရှင်းရေးပြု လုပ်ခြင်းများ၊ ထမင်းမသုံးဆောင်မီတွင် အစားအသောက်များကို ကြိုတင်ပြင်ဆင်ခြင်းများကိုလည်း တာဝန် ကျသောသူများမှ ကြိုတင်၍ပြုလုပ်ရပါသည်။

## တေးဂီတဆပ်ကော်မတီ

### တာဝန်ခံ – ဆရာမကြည်ကြည်ဝင်း

မထိုက်တန်သော်လည်း သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၌ တေးဂီတတာဝန်ခံအဖြစ် ပါဝင်အမှုတော်ဆောင်ခွင့်ရရှိသည့်အတွက် ဘုရားရှင်၏ ကျေးဇူးတော်အားချီးမွမ်းလိုပါသည်။ ဤတာဝန်အားပေးအပ်ကြသော ကျောင်းသား/သူများကိုလည်း အထူးပင်ကျေးဇူးတင်ပါသည်။ ဤတာဝန်အား ထမ်းဆောင်ရမည်ဆိုသောအခါ စိုးရိမ်စိတ်များရှိသော်လည်း အကောင်းဆုံးကြိုးစားကာ ထမ်းဆောင်သွားမည်ဟု ဆုံးဖြတ်ထားပါသည်။ တေးဂီတဆပ်ကော်မတီတွင် တွဲဖက်တာဝန်ထမ်းဆောင်ကြသော သူများမှာ ဆရာစောသဲဒူးလေး၊ ဆရာစကောင်းခန့်နိုင်၊ ဆရာဖော်လတို့ဖြစ်ပါသည်။ ထို့ပြင် တေးဂီတနှင့်ဆိုင်သောအရာများနှင့် ချီးမွမ်းကိုးကွယ်ခြင်းများတွင် အသုံးပြုရန်လိုအပ်သောအရာများကိုလည်း ဝယ်ယူခဲ့ပါသည်။ အထူးသဖြင့် ချီးမွမ်းကိုးကွယ်ခြင်းတွင် အသုံးပြုရန်အတွက် ဂစ်တာတစ်လုံးအား ဝယ်ယူနိုင်ခဲ့ပါသည်။ ကျောင်းတွင်နှစ်စဉ် နှစ်တိုင်းပြုလုပ်လျက်ရှိသော ကျောင်းသူ/သားများ၏ ကိုယ်တိုင်ရေးစပ်သီချင်းပြိုင်ပွဲအားလည်း အောင်မြင်စွာဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။ ထိုပြိုင်ပွဲတွင် ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း အလှူငွေများအား ဖြင့်သော်လည်းကောင်း ပါဝင်ပေးကြသောသူများကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ ထို့ပြင် ကျောင်းသူ/ကျောင်းသားများအား ဂစ်တာသင်တန်းကိုလည်း နှစ်လတာခန့်မျှ သင်ကြားပေးနိုင်ခဲ့ပါသည်။ ထိုသင်တန်းအား သင်ကြားပေးသော ဆရာစောသဲဒူးလေးကိုလည်း ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ သင်တန်းသားများ(၁၁)ဦး တက်ရောက်ပြီး အောင်မြင်စွာဖြင့် ပြီးစီးခဲ့ကြောင်းကိုလည်း ဖော်ပြလိုပါသည်။ ဤတာဝန်ကို ထမ်းဆောင်ရခြင်းမှာ အသက်တာထဲတွင် ပထမဦးဆုံး ခေါင်းဆောင်အဖြစ် အစေခံရခြင်းဖြစ်ပြီး အတွေ့အကြုံလည်း များစွာရရှိပါသည်။ ဤကဲ့သို့တာဝန်ပေးအပ်ခဲ့သော ဘုရားရှင်အား ကျေးဇူးတင်လျက်ဆက်လက်၍ အသင်းတော်နှင့် နိုင်ငံတော်အတွက် ပို၍အစေခံနိုင်ရန် သင်ကြားမှုများပြုလုပ်ပေးမည်ဟု ယုံကြည်မိပါသည်။

## မော်ကွန်းထိန်းဆပ်ကော်မတီ

### တာဝန်ခံ – ဆရာစောကောင်းထက်မြတ်

မော်ကွန်းထိန်းဆပ်ကော်မတီ၏တာဝန်မှာ ကျောင်းသားကောင်စီမှ ပိုင်ဆိုင်သောပစ္စည်းများကို ထိန်းသိမ်းထားရန်အတွက် ဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းတွင်အစီအစဉ်များရှိသောအခါတွင်သော်လည်းကောင်း၊ စနေနေ့များတွင် သန့်ရှင်းရေးများရှိသောအခါတွင် သော်လည်းကောင်း လိုအပ်သောပစ္စည်းများ

ထုတ်ပေးခြင်းများနှင့် သန့်ရှင်းရေးပြီးသောအခါ ပြန်လည်သိမ်းဆည်းခြင်းများကို ပြုလုပ်ရပါသည်။ ထိုကဲ့သို့ပစ္စည်းများ ပြန်လည်သိမ်းဆည်းသောအခါတွင်လည်း ဝိုင်းဝန်းကူညီပေးကြသောသူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထို့ပြင် ကျောင်းသားကောင်စီတွင် ကရင်၊ ကချင်၊ ချင်း၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးများ၏ ဝတ်စုံများကိုလည်း စုဆောင်းထားလျက်ရှိပါသည်။ ထိုအဝတ်အစားများကို ကျောင်းမှအစီအစဉ်များပြုလုပ်သောအခါတွင် ကျောင်းသူ/သားများ၏ တင်ဆက်မှုများတွင် ဝတ်ဆင်ကြပါသည်။

## ဘဏ္ဍာထိန်းဆပ်ကော်မတီ

တာဝန်ခံ – ဆရာမိုးဇက်(စ်)ဘဒစ်တောင်လာ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ (၂၀၁၉–၂၀၂၀)ပညာသင်နှစ်အတွင်း ကျောင်းသား ကောင်စီ၏ စာရင်းကိုင်၊ ဘဏ္ဍာထိန်းအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ကျောင်းသားကောင်စီ၏ ကဏ္ဍအသီးသီးမှ လုပ်ဆောင်လျက်ရှိသော အလုပ်များတွင် ရံပုံငွေအသုံးပြုခြင်း၊ ဘဏ္ဍာရှာကြံခြင်းများတွင် အတူတကွလက်တွဲကာ ကူညီလုပ်ဆောင်လျက်ရှိပါသည်။ ထိုအပြင် လစဉ်ငွေစာရင်းပြုလုပ်ခြင်း၊ ရငွေနှင့်သုံးငွေတို့ကို စာရင်းပြုစုခြင်း၊ ငွေစာရင်းရှင်းတမ်းများပြုလုပ်၍ ကျောင်းသားကောင်စီသို့ တင်ပြခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းသားကောင်စီ၏ ရံပုံငွေများကို ဘဏ်အကောင့်တစ်ခုဖွင့်၍ လုံခြုံစိတ်ချစွာဖြင့် စုဆောင်းထားလျက်ရှိပါသည်။

## ဝတ်ပြုကိုးကွယ်ခြင်းဆပ်ကော်မတီ

တာဝန်ခံ– ဆရာလဂျာ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် အမှုတော်ဆောင်များကို မွေးထုတ်ပေးသည့်ကျောင်းဖြစ်သည့်အားလျော်စွာ ဓမ္မပညာရပ်များကို သင်ကြားပေးသည်သာမက ဝိညာဉ်ရေးရာအသက်တာတည် ဆောက်ခြင်းသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်ပါသည်။ ထို့ကြောင့်ပင် ဘုရားကျောင်းတက်ခြင်းသည် ကျောင်းသူ/သားများအတွက် မလုပ်မနေရကြိုးစားအားထုတ် လုပ်ဆောင်ရသောအရာဖြစ်ပါသည်။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ကြိုးစားအားထုတ်မှုပုံစံသည် ရဟန်းကျောင်းများ၏ ဝိညာဉ်ရေးအသက်တာ တည်ဆောက်မှုပုံစံ၊ အထူးသဖြင့် Benedidtine Spirituality ကို ယူထားပါသည်။ ထို့ကြောင့် ကျောင်း သား/သူများသည် ကမ္မဋ္ဌာန်းရှုခြင်း (meditdtion)၊ မနက်ဝတ် ၊ နေ့လည်ဝတ် ၊ ညဝတ် ၊လိတနိဝတ်၊ ကုမ္ပလင်ဝတ် စသည့် ဝတ်ပြုကိုးကွယ်ခြင်းများကို နေ့စဉ်တက်ရောက်ရပါသည်။

## အားကစားဆပ်ကော်မတီ

တာဝန်ခံ – ဆရာဂျိုးဇက်နိုင်ထွန်းမင်း

၂၀၁၉–၂၀၂၀ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ အားကစားဆပ်ကော်မတီအနေဖြင့် ကျောင်းသူ/သားများ၏ ကျန်းမာရေးကိုအဓိကထား လုပ်ဆောင်မှုများရှိပါသည်။ ညနေပိုင်းအချိန်များတွင် ခြင်းလုံး၊ ဘောလုံးဆော့ကစားခြင်းများကို ပြုလုပ်ပါသည်။ ထိုအားကစားများတွင် လိုအပ်သောဘောလုံး၊ ခြင်းလုံး၊ ခြင်းပိုက်များကို လိုအပ်လျှင် ဝယ်ယူခဲ့ပါသည်။ ၂၀၁၈–၂၀၁၉တွင် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် မပါဝင်နိုင်ခဲ့ခြင်းမှာ အားနည်းချက်တစ်ခုဖြစ်ပါသည်။ လူအင်အား၊ ငွေကြေး၊ အချိန်မပေးနိုင်သောကြောင့်

ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ပါ။ သို့သော်လည်း နောက်နှစ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မျှော်လင့်မိပါသည်။ ထိုအရာမှာ ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ အခြားသောကျောင်းများ၊ အခြားသောအသင်းတော်များနှင့် မိတ်သဟာယပြုခြင်းပင်ဖြစ်ပါသည်။

## ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ

တာဝန်ခံ – ဆရာဂျိမ်းဆွတ်မုန်ရာ

၂၀၁၉–၂၀၂၀ပညာသင်နှစ်၏ ကျောင်းအတွင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို လုပ်ဆောင်ရာ၌ အခက်အခဲများစွာ ရှိပါသည်။ သို့သော် မိမိတတ်နိုင်သောဘက်မှ ကျောင်းတော်ကြီးအား ကူညီရသည့်အတွက် များစွာပျော်ရွှင်ရပါသည်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင်လည်း ကူညီလုပ်ဆောင် ပေးသော ဆရာဆလိုင်းသစ်လွင်ကျော်အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ပြုပြင်ထိန်းသိမ်းရေးကို လုပ်ဆောင်ရာတွင် ကျောင်းဝင်းအတွင်းရှိ ပျက်စီးနေသောအရာများအား ပြင်ဆင်မှုများကို ပြုလုပ်ရပါသည်။ အထူးသဖြင့် လျှပ်စစ်မီးနှင့်ဆိုင်သောအရာများကို ပြုပြင်မှုများ ပြုလုပ်ရပါသည်။ ထိုသို့ ပြုပြင်မှုများကို ပြုလုပ်ရသည့်အကြောင်းမှာလည်း ကျောင်းတော်ကြီးအား ပိုမိုချောမွေ့အဆင်ပြေစေရန်အတွက်သာဖြစ်ပါသည်။ ဤအရာများကို လုပ်ဆောင်ခြင်းအားဖြင့် အမှုတော်ဆောင်ခြင်း၏ အစေခံခြင်းကိုလည်း လက်တွေ့၊ ခံစား၊ ထိတွေ့၊ တွေ့ကြုံရခွင့် တစ်ခုအနေဖြင့်ပေးသော ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းမိပါသည်။ ကူညီလုပ်ဆောင်ပေးကြသော ညီအစ်ကို၊ မောင်နှမအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

## ဘဏ္ဍာရှာကြံရေးဆပ်ကော်မတီ

တာဝန်ခံ – ဆရာမဂျာဆိုင်းလုံ

ရှေးဦးစွာ ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းပါတယ်။ မထိုက်တန်သော်လည်း ကျောင်းတော်ကြီး၏ ဘဏ္ဍာရှာကြံရေးမှာ ဦးဆောင်ပါဝင်ဆက်ကပ်ခွင့်ရသောကြောင့် ချီးမွမ်းပါတယ်။ ပါဝင်ကူညီပေးသော ဆရာဇော်ခွန်းနော်ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လုပ်ဆောင်နိုင်ခဲ့သော အရာများကတော့ ကျောင်းဝတ်စုံကို ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါတယ်။ မုန့်ခြောက်၊ ခေါက်ဆွဲခြောက် အနည်းငယ် နှင့် ဖုန်းဘေများကိုလည်း ရောင်းချနိုင်ခဲ့ပါတယ်။ လုပ်ဆောင်မှုတွင် အားနည်းချက်များရှိသော်လည်း ကောင်းမွန်စွာဖြင့် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ကျောင်းသားရံပုံငွေရှာရန်အတွက် လွယ်အိတ်များအား ထုတ်လုပ်ရန် စီစဉ်ထားပါတယ်။ ထိုကဲ့သို့ တာဝန်ယူလုပ်ဆောင်နိုင်ရန်အတွက် ဉာဏ်ပညာခွန်အားကိုပေးသော ဘုရားရှင်အားအထူးပင် ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ရပါသည်။

## မိတ်သဟာယဆပ်ကော်မတီ

တာဝန်ခံ – ဆရာမနော်ပဝေါဖော

မိတ်သဟာရဆပ်ကော်မတီ၏ တာဝန်ကိုယူရသောကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ လုပ်ဆောင်ချက်များအနေဖြင့် ၂၀၁၉–၂၀၂၀ မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ သုံးပွင့်ဆိုင်မိတ်သဟာရ(MIT, HCTC, CMS )၊ တစ်နှစ်ပတ်လုံး Special Talk (၄)ကြိမ်တို့ကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ထိုကဲ့သို့

လုပ်ဆောင်ရာတွင် ပါဝင်ကူညီပေးခဲ့ကြသော အဖွဲ့ဝင်များဖြစ်သည့် ဆရာလုကာအောင်ဇင်ဦး၊ ဆရာကောင်းထက်မြတ် နှင့် ဆရာဂျယ်ရီကောင်းထိုက်တို့အားလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါ သည်။ မိတ်သ ဟာယဆပ်ကော်မတီ၏ ဆောင်ပုဒ်မှာ ''ငါတို့သည် ဘုရားသခင်ထံ၌ အလုပ်လုပ်သော သူချင်းဖြစ်ကြ၏'' (၁ကော ၃း၉)ဖြစ်ပါသည်။

## သိပ်မများပါဘူး

ကျောင်းဆရာ

တရားဟောဆရာတစ်ဦး၏ ဇနီးဖြစ်သူမှာ ကုတင်အောက်တွင် သေတ္တာတစ်လုံးကိုထားပြီး ခင်ပွန်းဖြစ်သူအား ဖွင့်မကြည့်ရန်မှာထားလေသည်။ နှစ်ပေါင်းများစွာ ကြာလာသည်နှင့်အမျှ တရား ဟောဆရာဖြစ်သူမှာ ထိုသေတ္တာကို ဖွင့်ကြည့်ရန်ဆန္ဒပြင်းပြလာပြီး တစ်နေ့၌ဇနီးသည်ဈေးသွားသော အချိန်တွင် ဖွင့်–ကြည့်ရာ ငွေနှစ်သောင်းနှင့် ကြက်ဥ (၃) လုံးကို တွေ့ခဲ့ပါသည်။ ထိုအရာများသည် ထူးဆန်းသဖြင့် ဇနီးသည် ပြန်လာချိန်မေးမြန်းရာ––––

တရားဟောဆရာ ။ ။ မိန်းမရေ––ငါမနေနိုင်လို့ သေတ္တာကို ဖွင့်ကြည့်လိုက်တယ် အထဲမှာငွေနှစ်သောင်းနဲ့ကြက်ဥ(၃)လုံးတွေ့တယ် အဲ့ဒါတွေအကြောင်းပြောပါဦး –– ထူးဆန်းနေလို့။

မိန်းမ ။ ။ ရှင်ဒီလောက်သိချင်ရင်ပြောပြမယ်––ရှင်တရားဟောတိုင်း ကျွန်မလိုက်နားထောင်ခဲ့ပြီး ပရိတ်သတ်တွေ ရှင်တရားဟောတာကို မကောင်းဘူးလို့ပြောတိုင်း ကြက်ဥတစ်လုံးသေတ္တာထဲမှာ ထည့်ထားတယ်–––

ထိုအခါ တရားဟောဆရာမှာ မိမိ၏(၁၀)နှစ်သက်တမ်းတွင် ကြက်ဥ(၃)လုံးသာထည့်ထားသောကြောင့် မိမိကိုယ်ကို ဂုဏ်ယူအားတက်သွားသည်။

ထို့နောက်–––တရားဟောဆရာ။ ။ ဒါဖြင့်ငွေနှစ်သောင်းကရော––––

မိန်းမ ။ ။ ကြက်ဥတွေများလာရင် မဆံ့တော့ပြန်ရောင်းလို့ ရတဲ့ငွေပေါ့။

# ရင်တွင်းစကား

## ပထမနှစ်



အမည် – မဖေးမှန်
မွေးသက္ကရာဇ် – ၂၅-၁၂-၁၉၉၇
လူမျိုး – ချင်း(ဒိုင်ရ်)
ဘုန်းကြီးပိုင်နယ် – ရှင်ဗာနဗအသင်းတော်၊ (ထို့နိုး)၊
စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား – ကိုယ်တော်ကျွန်မကို မတော်တဆဖန်ဆင်းခဲ့ခြင်းမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိဖန်ဆင်းခဲ့ခြင်းဖြစ်တဲ့အတွက် အလိုတော်အတိုင်း အသုံးပြုတော်မူပါ-----



အမည် – မောင်ဗဒစ်မုန်းခေါင်လ
မွေးသက္ကရာဇ် – ၁၁-၂-၁၉၉၇
လူမျိုး – ဂျိမ်းဖော့
ဘုန်းကြီးပိုင်နယ် – ရှင်မာကုအသင်းတော်၊ နန့်စီးအောင်၊
မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – ချစ်တယ်



အမည် – ချယ်ရီလင်း
မွေးသက္ကရာဇ် – ၂၅-၇-၁၉၉၄
လူမျိုး – အရှိုချင်း၊ ဗမာ
ဘုန်းကြီးပိုင်နယ် – ရှင်မာကုပရိုကသီဒြယ်အသင်းတော်၊
ပြည်သာသနာပြုသာသနာပိုင်နယ်
ရင်တွင်းစကား – အသုံးကျပြီး၊နှလုံးလှစွာ အမှုတော်ဆောင်မည်။



အမည် – စောဒါနီအေးလ
မွေးသက္ကရာဇ် – ၁၈–၂–၁၉၉၉
လူမျိုး – စကောကရင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော်(ကွမ်ဘီ)၊
ဘာအံသာသနာပိုင်နယ်
ရင်တွင်းစကား – ကိုယ်ပြုသောအမှုတို့ကိုထာဝရဘုရား၌အပ်လော့။
သို့ပြုလျှင် သင်၏အကြံအစည်တို့သည်
တည်ကြလိမ့်မည်။ (သုတ္တံကျမ်း ၁၆း၃)



အမည် – စောအဲဂေ
မွေးသက္ကရာဇ် – ၂၉–၇–၁၉၉၅
လူမျိုး – စကောကရင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော်(ကွမ်ဘီ)၊
ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား – လိုရာအသုံးပြုတော်မူပါ အဘဘုရား။



အမည် – စောအဲဆဲနေ
မွေးသက္ကရာဇ် – ၉–၁၁–၁၉၉၇
လူမျိုး – စကောကရင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော် (ကွမ်ဘီ)၊
ဘာအံသာသနာပိုင်နယ်
ရင်တွင်းစကား – today is hard, tomorrow will be worries,
but the day after tomorrow will be sunshine.



အမည် – ဂျယ်ရီကောင်းထိုက်
မွေးသက္ကရာဇ် – ၃–၆–၁၉၉၁
လူမျိုး – ချင်း၊ ဗမာ
ဘုန်းကြီးပိုင်နယ် – ရှင်မိက္ခေလ(ကြည့်မြင်တိုင်)၊
ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား – I am afraid God won't use me in the Ministry.



အမည် – စကောင်းခန့်နိုင်
မွေးသက္ကရာဇ် – ၃-၉-၂၀၀၁
လူမျိုး – ပိုးကရင်
ဘုန်းကြီးပိုင်နယ် – ရှင်သတေဖန်အသင်းတော်(သမိုင်း)၊
ပုသိမ်သာသနာပြုသာသနာပိုင်နယ်
ရင်တွင်းစကား – Lord transform me. Lord use me.
Lord teach me. Lord send me.



အမည် – စောစိုးကမောဒိုထူး
မွေးသက္ကရာဇ် – ၁၆-၆-၁၉၉၇
လူမျိုး – စကောကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ယောဟန်အသင်းတော်၊
